


# အလွမ်းခြေရာဝတ္ထုများ

## ငြိမ်းကျော်

ပေါင်းချုပ်များတွင် မပါဝင်သေးသော
ငြိမ်းကျော်၏ မဂ္ဂဇင်းဝတ္ထုတို/ရှည်များ စုစည်းခြင်း။

mgyoe.com

mgyoe.com

# အမုန်းခြံရဲ့ရတုဝဏ္ဏများ

## ငြိမ်းကျော်



ISBN 9789997117762
FIC152
9 789997 117762
2,700.00KS

mgyoe.com

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# အလွမ်းရွှေရတု ဝတ္ထုများ

ငြိမ်းကျော်

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

အလွမ်းရွှေရတုဝတ္ထုများ ငြိမ်းကျော်
မျက်နှာဖုံးပန်းချီ - ဇော်မောင်
စာမျက်နှာ ၂၂၈+ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ စက်တင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

## မာတိကာ


| | | |
|---|---|---|
| ၁။ | ဖာတ်သိမ်းခန်း | ၁ |
| ၂။ | နေရစ်ခဲ့တော့ သူငယ်ချင်း | ၁၂ |
| ၃။ | အလွမ်းရွှေရတု | ၂၅ |
| ၄။ | အခုကျတော့မှ | ၄၈ |
| ၅။ | ကိုင်း… ခုတော့… ဘယ့်နှယ်ရှိစ | ၅၆ |
| ၆။ | မျက်နှာသည် ဟောင်းနွမ်းခြင်း အလျှင်းမရှိ | ၆၇ |
| ၇။ | ဆုကြီးပန်ယောကျ်ား ကျွန်တော်ကားမဟုတ်ခဲ့ | ၁၀၃ |
| ၈။ | မြတ်နိုးလှစွာ တွယ်တာပါလျက် | ၁၃၄ |
| – | ဝတ္ထုဖြတ်ခြင်း | ၂၁၃ |


❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဇာတ်သိမ်းခန်း

လှမ်းမည့်ခြေလှမ်းသည် တုံ့ခနဲ ရပ်သွားသည်။ တွေ့လိုလှ၍ ရှာဖွေခဲ့ရသော သူ့ကို၊ မြင်လိုလှ၍ ရှာဖွေခဲ့ရသော သူ့မျက်နှာကို မရှာဖွေနိုင်သော အချိန်တွင် ရှေ့တူရူ၌ တွေ့နေရချေပြီ။ မျှော်လင့်ခဲ့စဉ်၊ အောက်မေ့ခဲ့စဉ်၊ တသခဲ့စဉ်ကမူ သူ့မျက်နှာကို အရိပ်အခြည်မျှပင် မြင်ခွင့်မရခဲ့။ သူ့ကို စိတ်၌ ပိတ်ကွယ်ထားရစ်ခဲ့ပြီ။ သူ့အကြောင်းကို မေ့ချန်ထားရစ်ခဲ့ပြီ။ ဘဝဟောင်းကို မြိတ်ဆာမျှမကျန် ပြည်ဖုံးကားချလိုက်ပြီဆိုသောအခါ မျက်နှာချင်းဆိုင် ဖြစ်ပြန်ချေ၏။

သူ့အဖို့ရာ ကျွန်တော့်အတွေးမျိုး ရလိုမှ ရကောင်းမည်။ အမှတ်မဲ့တွေ့ဆုံမိခြင်းကို အကြောင်းပြု၍ ကျွန်တော်ကဲ့သို့ ရင်ခုန်ချင်မှ ခုန်မည်။ ဝမ်းမြောက်ဝမ်းသာ ဖြစ်ချင်မှ ဖြစ်မည်။ သို့ရာတွင် ကျွန်တော့်လိုပင် မျက်တောင်မခတ်နိုင်အောင် စိုက်၍ကြည့်နေသော သူ့မျက်လုံးတွင် စိုးရိမ်ကြောင့်ကြခြင်းက ကြီးစိုးလျက် ရှိဟန်တူ၏။ ထို့ကြောင့် ကျွန်တော့်ရင်ကို ငြိမ်အောင် အားပြုရသည်။ ခြေလှမ်းကို ဆက်၍လှမ်းရသည်။ နှုတ်ခမ်းပေါ်တွင် အပြုံးကို တင်ဖြစ်အောင် တင်ရသည်။

ထိုအခါ သူ့ခြေလှမ်းသည် ကျွန်တော့်ဆီသို့ တည့်တည့်လှမ်းလာ

mgyoe.com

mgyoe.com



သည်။ လက်တစ်လှမ်းအကွာတွင် ရပ်၍ မျက်လွှာချလိုက်သည်။ ထို့နောက် ပြန်လည်ကြည့်ကာ ပြုံးလေသည်။ ဖျော့တော့အားနည်းလှချေသည်။ မဝံ့မရဲသောအသွင်။

"မောင်ရယ်... ငြိမ်းကို ခွင့်လွှတ်ပါတော့"

ကျွန်တော် စကားမဆိုနိုင်၊ ရင်ထဲတွင် မကောင်းတော့။ သို့သော် ကျွန်တော့်အဖြေကို သူ စောင့်နေသည်။

"ငြိမ်း မတောင်းပန်ခင်ကတည်းက မောင် ခွင့်လွှတ်ခဲ့ပြီပဲ ငြိမ်း"

"ငြိမ်း မိုက်မိခဲ့ပါတယ်၊ ငြိမ်း မှားပါတယ် မောင်၊ မောင့်ဆီက ဒီစကားမျိုး ကြားရလိမ့်မယ်လို့တော့ တစ်သက်မှာ မမျှော်လင့်ရဲစရာပါ။ အင်းလေ... သားသည်ဖအေတွေ၊ သားသည်မအေတွေပဲ ဖြစ်နေကြတော့မှ ရင့်ကျက်နိုင်ကြရပြီပေါ့"

"ဒါကြောင့်လည်း ဟုတ်နိုင်ပါတယ်။ မလွဲမရှောင်သာလို့ ရင့်ကျက်လိုက်ရတာ ဖြစ်ချင်လည်း ဖြစ်မှာပေါ့။ မောင် ငြိမ်းသတင်းကို အမြဲ နားစွင့်ပါတယ်။ ငြိမ်း ကိုမြင့်အောင်နဲ့ လက်ထပ်တုန်းကလည်း မောင်လာဖို့ ကြိုးစားပါတယ်။ လက်ထပ်မယ့်နေ့ရယ်၊ နေရာရယ် မသိရတော့ လာလို့မရဘူးပေါ့။ ငြိမ်းအသိုင်းအဝိုင်းက မောင့်ကို မယုံကြဘူး။ ငြိမ်းတို့လက်ထပ်ပွဲမှာ မောင်လာပြီး ဝုန်းဝုန်းဒိုင်းဒိုင်းလုပ်မှာ စိုးကြတယ်နဲ့ တူပါတယ်"

စိုးလည်း စိုးရိမ်ထိုက်ပါပေသည်။ လျှို့လည်း လျှို့ဝှက်ထားထိုက်ပါပေသည်။ အကြောင်းသော် ထိုလက်ထပ်ပွဲမတိုင်မီ သုံးနှစ်ခန့်က "ငြိမ်း လက်ထပ်လျှင် ငြိမ်းရေးခဲ့သော စာအားလုံးကို သတို့သားလက်၌ အပ်နှံ လက်ဖွဲ့မည်။ ငြိမ်းကို ကျွန်တော် မပိုင်ဆိုင်ရလျှင် ငြိမ်းကို ဤတစ်သက်တွင် ပိုင်ဆိုင်သူ မရှိလာစေရ" ဟု ကျွန်တော် စာရေးခဲ့သည်။ နှုတ်ဖြင့်လည်း အဖန်ဖန် ဆိုခဲ့သေးသည်။

mgyoe.com

mgyoe.com



ထို့နောက် ကျွန်တော်အိမ်ထောင်ပြုပြီး တစ်နှစ်ကျော်အကြာတွင် ငြိမ်း လက်ထပ်သည်။ ထိုလက်ထပ်ပွဲသို့ ကျေအေးခွင့်လွှတ်သော သဘောဖြင့် တက်ရောက်ရန် ကျွန်တော် စိတ်ကူးရ၍ သူ့အသိုင်းအဝိုင်းကို မေးမြန်းထောက်လှမ်းကြည့်သောအခါ ဝေ့လည်လည် လုပ်ပစ်ကြသည်။ သူ လက်ထပ်မည့်သူမှာ ကိုမြင့်အောင်ဆိုသူ ဖြစ်ကြောင်းမှတစ်ပါး အခြား မည်သို့မျှ တိုး၍မသိရ။

"ပြီးတော့ ငြိမ်း မီးဖွားတုန်းကလည်း သတင်းမေးလာဖို့ မေးမြန်းကြည့်ပါသေးတယ်။ ဘာမှမသိရလို့ မလာဖြစ်ဘူး။ ဒါထက် ကလေးက ကျန်းကျန်းမာမာပဲနော်"

"ခုတော့ ကျန်းမာတယ်ဆိုပါတော့၊ လမစေ့ဘဲ မွေးရတော့ နည်းနည်းလိုတယ်"

"ဆေးတွေဘာတွေလိုရင် မောင့်ဆီစာရေးလိုက်လေ၊ ခု ဘာတိုက်သလဲ"

"ဗီတာဇုန်ပါပဲ"

"ဝယ်ရတာ ခက်ခဲရင် မှာပေါ့"

"တစ်ခါတစ်ခါတော့ ဝယ်မရဘူး၊ ဆိုင်မှာ ပြတ်သွားတာကိုး၊ ကိစ္စမရှိပါဘူး၊ ဒုက္ခမရှာပါနဲ့"

"မဟုတ်ဘူး ငြိမ်းရဲ့၊ ဒုက္ခဆိုတာ ရှာရင် မတွေ့ဘူး၊ မရှာတုန်းကမှ တွေ့ခဲ့တာ"

ငြိမ်းမျက်နှာ ညှိုးကျသွားလေသည်။

"သိတယ် မောင်၊ ငြိမ်း အားလုံးသိတယ်၊ မောင် ဘယ်လောက်ဒုက္ခရောက်ခဲ့တယ်ဆိုတာ"

သူ့အသံသည် ဆို့နစ်၍သွားသောအသံ ဖြစ်သည် ထင်သည်။ သူနှင့်ပတ်သက်၍ အချိန်ကုန်၍ ကုန်မှန်းမသိ၊ ငွေကုန်၍ ကုန်မှန်းမသိ၊

mgyoe.com

mgyoe.com



လူပန်း၍ ပန်းမှန်းမသိ ဖြစ်ခဲ့ရသည်။ ကျွန်တော့် အပေါင်းအသင်းတို့သည်လည်း ကျွန်တော့်နည်းတူ ဒုက္ခခံကြရသည်။ ထိုအချိန် ထိုအခါက ကျွန်တော် ယုံကြည်ပါသည်ဆိုသော ယုံကြည်ချက်၊ ကျွန်တော် လက်တွဲထားသော သူငယ်ချင်းများ၏အပေါ်မှ ထွက်ပြေးကာ သူ့ကို လိုက်ရှာခဲ့သည်။

ပြင်းထန်သော တိုက်ပွဲများ၊ ဆိုးရွားသော အခြေအနေများ တိုး၍ တိုး၍ ဖြစ်ပေါ်လာသောအချိန်တွင် ကျွန်တော်သည် သူ့ကို အရူးအမူး ရှာဖွေလျက်ရှိသည်။ ပေါက်ကွဲသံများကို မကြားယောင်ပြု၍ သူရှိရာ အရပ်သို့ ခြေလေပွေမွှေ့လျက် ရှိခဲ့သည်။ သူငယ်ချင်းအချို့၏ ဝိညာဉ် လွင့်စဉ်သွားသောအချိန်၌ ကျွန်တော်သည် တောက်သံ တခေါက်ခေါက် ခေါက်ရင်းနှင့် သူ့ကိုယ်ငွေ့ရှိရာသို့ မှန်းဆလျက်ရှိခဲ့သည်။ အရာအားလုံးသည် သူ့ထက် အရေးမကြီး၊ သူ့ထက် တန်ဖိုးမရှိ၊ သူ့ထက် အရာမရောက်ဟု သတ်မှတ်ခဲ့ဟန်တည့်။ ကျွန်တော့်နှုတ်က ဆိုခဲ့သည်ကိုမျှ ကျွန်တော်အားမနာ၊ နတ်ကိုးလား ကိုး၏။ နတ်ရိုးလား ရိုး၏။ လင်တရူးသော် စုန်းပူးမပူး၊ ကျွန်တော်မသိသော်လည်း မယားတရူးကား အမှန်ပင် စုန်းပူးလေ၏ဟု ယခုမှ ကျွန်တော် ရက်သိ သိချေသည်။

"ဒါပေမဲ့ မောင်၊ ငြိမ်း တစ်ခုပြောချင်ပါတယ်၊ မောင့်ကို တမင် ဒုက္ခရောက်စေချင်တဲ့ သဘောနဲ့ရည်ရွယ်ပြီး ငြိမ်း သစ္စာမဲ့ခဲ့တာ မဟုတ်တာ အမှန်ပါ။ ငြိမ်းစိတ်တွေ ဘယ်လိုဖြစ်ခဲ့ရတယ်ဆိုတာ ငြိမ်း ခုထိ တွေးလို့ မရပါဘူး၊ ယုံပါ မောင်"

သူတွေး၍မရ ဆိုသည်ကို ကျွန်တော် နားမလည်သော်လည်း ကျွန်တော်တွေး၍ မရခဲ့သည်ကိုမူ ကျွန်တော် နားလည်၏။ မထောက် မကွက် ပြုရက်စရာ မရှိဟု သူ့ကို အကြွင်းမရှိ ကျွန်တော် ယုံကြည်ခဲ့သည်။ ထို့အလျောက် သူ့မိဘများက အခိုက်အတန့်အားဖြင့် လိုက်ခဲ့ပါ၊

mgyoe.com

mgyoe.com



မကြာမီ တင့်တောင့်တင့်တယ် လက်ထပ်ပေးပါမည်၊ ရှေ့ရေးကောင်းရန် စီစဉ်စရာ အများကျန်ရှိပါသေးသည်။ အကန့်အသတ်မရှိ ကျောင်းပိတ်ထားရက်နှင့် ကြုံနေခိုက်ဖြစ်၍ ငြိမ်း ခိုးရာလိုက်သည့်သတင်းသည် ကျောင်း၌လည်းကောင်း၊ ကျွန်တော်တို့မြို့၌လည်းကောင်း သိရှိပျံ့နှံ့ခြင်း မရှိသေး၊ သို့ဖြစ်၍ ဣန္ဒြေမပျက် ပြန်လိုက်ရန် လာခေါ်ရကြောင်း ဆိုကြသည်။ ကျောင်းမဖွင့်မီ မကြာမတင် လပိုင်းအတွင်း လက်ထပ်ပေးပါမည်။ လက်ထပ်ပြီးလျှင် နှစ်ဦးစလုံး ကျောင်းဆက်တက်ပါဟုလည်း ဆိုသည်။

ထိုထိုသောစကားတို့ကို သူ့မိဘနှင့် ကျွန်တော့်မိဘ စကားပြောကြသည်။ စကားအဆုံးတွင် ကျွန်တော့်မိဘက ငြိမ်းကို တိုက်လည်း မတိုက်တွန်း၊ ကန့်လည်းမကန့်ကွက်သော မျက်လုံးဖြင့် လှမ်းကြည့်ကြသည်။ ငြိမ်းက ကျွန်တော့်ကို ကြည့်သည်။ ကျွန်တော်က "ငြိမ်းသဘောပေါ့"ဟု ဆိုလိုက်ရသည်။ ထိုအခါ ငြိမ်းသည် လိုက်မည်ဟူသောအမှတ်ဖြင့် သူ့မိခင်ကို ခေါင်းညိတ်ပြသည်။ ငြိမ်းကို သူ့အဝတ်အစားများယူရန် သူ့မိခင်က ပြောသည်။ ငြိမ်းက အကုန်လုံးမယူ၊ အချို့ကို မနက်ဖြန်ကျမှ သူ လာယူမည်ဟု ဆိုသည်။

ကျွန်တော်သည် အဝတ်ဗီရိုထဲကို လက်လှမ်းလိုက်သည်။ လွန်ခဲ့သော တစ်လကျော်က ရုံးတက်၍ လက်မှတ်ထိုးထားသော သူနှင့် ကျွန်တော်၏ လက်ထပ်စာချုပ်ကိုယူ၍ ငြိမ်းထံသို့ လှမ်းပေးလိုက်သည်။ ငြိမ်းသည် နားမလည်သောအကြည့်နှင့် ခေါင်းခါသည်။

"မောင် ယူထားလေ၊ ဘာပြုလို့ ငြိမ်းက ယူထားရမှာလဲ"

"မဟုတ်ဘူးလေ၊ ငြိမ်းကို မောင် ဘယ်လောက် ယုံကြည်တယ်ဆိုတာ မောင် သက်သေပြတာပါ၊ ယူပါ"

မျက်ရည်စတို့ဝေ့လာသော ငြိမ်း မျက်လုံးအစုံကို ကျွန်တော် မြင်ရ

mgyoe.com

mgyoe.com


သည်။ ထို့နောက် စာချုပ်ကိုယူသည်။ မကြာမီ သူ့မိဘပြန်သည်။ သူတို့ ကားရပ်ထားရာ လမ်းထိပ်အထိ လိုက်ပို့ရန်ကြံသော်လည်း ခြေတို့ကို လှမ်းမရ။ ညီတော်မောင်ကို လိုက်ပို့ခိုင်းသည်။ ကားအနီးသို့ရောက်သော် သူ့မိခင်သည် ကားတံခါးဖွင့်ရင်း ကျွန်တော့်ညီကို "မင်း ပြန်တော့လေ" ဟု ဆိုသည်။ ညီက ပြန်လှည့်လာ၍ ခြေလှမ်း လေးငါးလှမ်းအရောက် တွင် "ဖြန်း" ခနဲ ရိုက်သံကြားရသည်။ ကြည့်လိုက်သောအခါ ငြိမ်း၏ မိခင်သည် ငြိမ်းပါးကို ဘယ်ပြန်ညာပြန်ရိုက်ရင်း ကားထဲသို့ ဝင်ခိုင်း သည်။ ကြောင်တက်တက်ဖြစ်သော ညီသည် ကားဆီသို့အသွားတွင် ကားစက်နှိုးသံနှင့် ဆက်တိုက်ပင် မောင်းထွက်သွားပေပြီ၊ ထိုအကြောင်း ကို ကြားရသောအခါ ကျွန်တော်တို့အားလုံး စိုးရိမ်မကင်းဖြစ်ရပေပြီ။

နောက်တစ်နေ့တွင် လူစိမ်းတစ်ယောက် ရောက်လာ၍ အထုပ် တစ်ထုပ်ပေးသည်။ ဖွင့်ကြည့်သောအခါ ငြိမ်းမိခင်က ကျွန်တော့်ထံမှ ငှားယူသွားသော ဝတ္ထုစာအုပ်တို့ပင် ဖြစ်သည်။ နားလည်ရန် ခက်ချေ ၏။ အဘယ်ကြောင့် အရေးတကြီး ပြန်ပေးရသနည်း။ ညနေပိုင်းတွင် ညီတော်မောင်ကို ထိုအိမ်သို့ သွားနေကျအတိုင်း သွားစေသည်။ သို့သော် ညီသည် အိမ်ပေါ်သို့ တက်ခွင့်မရ။ ဤတွင်မှ အတိအကျ နားလည် လိုက်ရသည်။

ထို့နောက် ငြိမ်းသည် ဝေးလံသောအရပ်သို့ ရောက်သွားပြီဟု လွှင့်လိုက်သောသတင်းကို ကြားရသည်။ ပထမ တောင်ငူ၊ ဒုတိယ မေမြို့၊ တတိယ တောင်ကြီး၊ တစ်ဖန် ရန်ကုန်၊ တစ်ဖန် မြောင်းမြ၊ ထိုမှတစ်ဖန် ကြည့်မြင်တိုင်၊ ထိုမှ ဒွာရဝတီ စသည်ဖြင့် လေတိုက်ရာသို့ လွင့်ပါသော ဝွမ်းစလို ငြိမ်း ရောက်သွားသည်။ နောက်ဆုံး အင်းမမြို့သို့ ငြိမ်း ပြန်ရောက်လာသည်ဟု အတိအကျ သိရသောအခါ "တရားရုံးမှ တစ်ဆင့် ပြန်လည်ခေါ်ယူမည်" ဖြစ်ကြောင်း သူ့မိဘထံ စာရေးလိုက်

mgyoe.com

mgyoe.com



သည်။

"မောင် သည်လိုမပြုသင့်၊ ငြိမ်း အရှက်ရလိမ့်မည်။ ငြိမ်းကို မေ့တော့။ မောင့်ကို ငြိမ်း မေ့လိုပြီ။ ငြိမ်းတို့နှစ်ဦးအကြားမှာ မေတ္တာကျိုးပျက်ခဲ့ပါပြီ" ဟု ငြိမ်း စာရေးသည်။ ဤတွင် ကျွန်တော်သည် ရှည်လျားလှသော စာတစ်စောင် ငြိမ်းထံသို့ ပို့လိုက်သည်။ ထိုစာတွင် ငိုသံပါသည်၊ ဒေါသသံပါသည်၊ နာကြည်းသံပါသည်၊ အောက်မေ့သံပါသည်၊ ကြိမ်းဝါးသံပါသည်၊ တောင်းပန်သံပါသည်။

"ငြိမ်း နည်းနည်းပိန်သွားတယ်နော်၊ အလှကတော့ ခုထိ မပျက်သေးပါဘူး"

သူက ပြုံးနေသည်။

"မောင်ကတော့ အရင်လိုပဲ၊ ပိန်လည်း မပိန်ဘူး။ ဝလည်း မဝဘူး၊ ဆံပင်ပုံကလည်း အရင်ကလို ဘုတ်သိုက်"

"အိမ်လာလည်ပါလား၊ မှတ်မှ မှတ်မိရဲ့လား"

"ငြိမ်း မှတ်မိပါတယ်၊ အခွင့်သင့်ရင် လာလည်မှာပေါ့၊ ဒါပေမဲ့ မောင့်ဇနီးက ကြိုက်ပါ့မလား"

"သူ အကုန်သိတယ်၊ ဖွင့်ပြောပြခဲ့တယ်၊ မလိမ်ချင်ဘူး ခွင့်လွှတ်ပါတယ်။ ငြိမ်းကိုတောင် သူက တွေ့ဖူးချင်တယ်တဲ့၊ ဓာတ်ပုံထဲမှာသာ မြင်ရတာကိုး"

"သိနေတော့ မျက်နှာပူစရာကြီး၊ မောင့်ကိုရော တစ်မျိုးထင်မှာပေါ့"

"မထင်ပါဘူး၊ သူက မောင့်ကို သိပ်ချစ်တာ၊ မောင်ကချစ်တာထက် ပိုမယ်ထင်တယ်၊ ကြုံရင်လာခဲ့ပါလား။ ပြီးတော့ ငြိမ်းဆီလည်း မောင်လည်း လာလည်မယ်လေ...၊ လိပ်စာလည်း ပေးဦး"

သူသည် ရုတ်တရက် အဖြေမပေးနိုင်၊ တွေသွားရာမှ ပြန်ဖြေ

mgyoe.com

mgyoe.com


သည်။

"အိမ်လိပ်စာတော့ မယူချင်ပါနဲ့၊ ငြိမ်း မူလတန်းပြဆရာမ ဝင်လုပ်နေတယ်၊ ဗိုလ်တထောင် မူလတန်းကျောင်း၊ သိတယ်မဟုတ်လား၊ ကမ်းနားလမ်းကလေ"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

"အိမ်ကို မလာစေချင်လို့ မဟုတ်ပါဘူး၊ ငြိမ်းယောကျ်ားက သဘောထားသေးတယ်။ ငြိမ်း ခု သမီးလေး မီးမဖွားခင်ကလေးမှာမှ ပြန်ပေါင်းကြတာ၊ ကိုယ်ဝန်သုံးလေးလမှာပဲ ကွဲသွားကြသေးတယ်"

စိုးရိမ်စိတ်သည် ဖျတ်ခနဲ ဝင်လာ၍… "မောင့်ကြောင့်များလား"

သူက ခေါင်းခါသည်။

"မဟုတ်ပါဘူး၊ သူက ဆိုးတယ်။ ငြိမ်း ကံမကောင်းတာပါ၊ ကိုယ့်အပေါ်မကောင်းတဲ့လူကို ငြိမ်းက ထင်ခဲ့တာကိုး။ အို… အားလုံးခြုံလိုက်ရင် ငြိမ်း မိုက်တာ၊ မှားတာတွေပါ မောင်ရယ်"

ဤသို့ ကြားရပြန်သောအခါ စိတ်မကောင်းရရုံမျှသာ တတ်နိုင်တော့သည်။ ဂုဏ်မက်၍ ဂုဏ်ဗွက်၌ မရှုမလှ နစ်ရပြီပေါ့ဟု ကလေးသူငယ်လို ရန်တွေ့စကားမဆိုရက်။ အပြစ်တင်ရန်လည်း နှလုံးမတည်ရက်။ အကြင်နာဖက်၍ နှစ်သိမ့်စကားဆိုရန်သာလျှင် စဉ်းစား၍ရသည်။

"အေးလေ… ခုမှ မောင်တို့ ဘာဖန်တီးနိုင်ပါတော့မလဲ ငြိမ်းရယ်၊ အဆိုးထဲက အကောင်းဆုံးဖြစ်အောင် လုပ်ပါလို့ပဲ ပြောချင်တယ်"

အတန်ကြာသည်အထိ တစ်ဦးကိုတစ်ဦး စကားမပြောမိကြ။ အနီးအပါးမှ လမ်းသွားလမ်းလာတို့က ကျွန်တော်တို့နှစ်ဦးကို အထူးအဆန်းလှည့်ကြည့်သွားကြသည်။ ဥဒဟိုပြေးနေသော ကားသံတို့သည် နားသို့ တစ်ဖန်ဝင်လာကြ၏။

"ငြိမ်း"

mgyoe.com

mgyoe.com


ဆက်မည့်စကားကို နားစွင့်နေသည်။

"သွားတော့လေ၊ ငြိမ်းဆီကို ကိုယ်လာခဲ့မယ်၊ ကလေးအတွက် ဆေးလည်း ရှာလာခဲ့မယ်၊ ငြိမ်းကြိုက်တဲ့ ရှာမီသကြားလုံးတွေလည်း ဝယ်လာခဲ့မယ်၊ ပြီးတော့ ငြိမ်းစာတွေ၊ ဓာတ်ပုံတွေ၊ ပစ္စည်းတွေကို ငြိမ်း စိတ်ချလက်ချ မစိုးရိမ်ရတော့အောင် ငြိမ်းလက်ထဲကို ပြန်ထည့်ပါ့မယ်။ အဲဒီနေ့မှာ တစ်ယောက်ကိုတစ်ယောက် ခေါ်တဲ့အခေါ်အဝေါ်တွေပါ ပြောင်းရအောင်"

"ဟုတ်ကဲ့၊ ငြိမ်းအပေါ် ခွင့်လွှတ်နိုင်တဲ့အတွက် ငြိမ်း ဝမ်းသာပါ တယ်"

ကျွန်တော့်ခြေလှမ်းကို ရွေ့လိုက်သည်။ ကျွန်တော် မဖော်နိုင်သော အဓိပ္ပာယ်တစ်မျိုးကို သူ့အကြည့်တွင် တွေ့ရသည်။ သူ့အပြုံးကို ဝေခွဲ၍ မရချိန်မှာပင် သူသည် ခြေလှမ်းတစ်လှမ်း လှမ်းလိုက်သည်။ လူချင်းခွဲ လိုက်သောအခါ သူသည် အရှေ့ဘက်သို့ သွားသော အမှတ် ၁၆ ကား မှတ်တိုင်သို့သွား၍ ကျွန်တော်သည် အနောက်ဘက်သို့သွားသော ထို ကားမှတ်တိုင်သို့ သွားလျက်ရှိသည်။

*

အိမ်ပေါ်သို့အရောက်တွင် ဇနီးဖြစ်သူသည် လက်ထဲမှ စက္ကူထုပ် ကို လှမ်းယူရင်း "ဘယ့်နှယ်လဲ၊ မတွေ့ခဲ့ဘူးလား၊ ဒါတွေ ပြန်ပါလာ တယ်" ဟု မေးသည်။

ကျွန်တော်က "ဟုတ်တယ် ခင်ရေ့၊ မတွေ့ခဲ့ဘူး" ဟု ပြန်ဖြေလိုက် သည်။

ကုလားထိုင်ပေါ်တွင် ကျွန်တော်ထိုင်သောအခါ သားသည် ကျွန်တော့်ထံသို့ ပြေးလာ၏။ သားကိုယူ၍ချီကာ ပေါင်ပေါ်တွင် တင်

mgyoe.com

mgyoe.com


ထားလိုက်သည်။ ခင်သည် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ထိုင်သည်။

"ခွင့်ယူထားလို့ မတွေ့ခဲ့တာလား"

ခေါင်းခါပြလိုက်သည်။

"မယူပါဘူး၊ ဘာပြုလို့ဆို သူပြောတဲ့ကျောင်းကိုရောက်လို့ မေးကြည့်တော့ ငြိမ်းဆိုတဲ့နာမည်နဲ့ ဆရာမတစ်ယောက်မှ မရှိပါဘူးတဲ့၊ ဒါက ကျောင်းသားတွေ ပြောပြတာ၊ ဆရာ၊ ဆရာမတွေကို မေးကြည့် တော့ ဒီလိုပဲ ဖြေကြတယ်။ ငြိမ်း ဒီကျောင်းမှာ ဘယ်တုန်းကမှ မရှိခဲ့ပါ ဘူး"

ခင်သည် မျက်မှောင်ကြုတ်၍ "ဒီလိုဆို သက်သက်မဲ့ လိမ်သွား တာပေါ့" ဟု ဆိုသည်။ ကျွန်တော် ပြုံးမိလေ၏။ ငြိမ်းထံသို့ ကျွန်တော် သွားခဲ့သည်။ ဆေးနှင့် သကြားလုံး၊ သူ့စာနှင့် ပစ္စည်းအားလုံးကို ထုပ်၍ သွားရောက်တွေ့ကာ ပေးရန်ဖြစ်သည်။

ခင်သည် ကြည်ကြည်ဖြူဖြူ တိုက်တွန်းသည်။ စင်စစ် ခင်သည် မိန်းမသားတစ်ဦးပင် ဖြစ်သည်ကို ကျွန်တော် မေ့ချန်မထားခဲ့။ ခင်သည် ပွင့်လင်းသူ၊ သဘောထားကြီးသူ မှန်ငြားလည်း အတိုင်းအတာကား ကေန်ပင် ရှိရပေဦးမည်။ ခင့်ကို အားနာထောက်ညှာရန် ကျွန်တော် သိတတ်ရမည်။ သို့သော် ခင်က ခွင့်ပြု၍ ငြိမ်းထံသို့သွားတော့မှ သည်သို့ ဖြစ်ရ၍ ရှက်စိတ်တက်လာသည်။

"မောင် ခံပြင်းနေသလား၊ ခွင့်လွှတ်လက်စ ရှိခဲ့ပြီပဲ။ ထပ်ပြီး ခွင့်လွှတ်ဦးပေါ့။ ဒီလိုလည်း တွေးဦးမောင်၊ မောင်နဲ့ သူ မျက်နှာချင်း မဆိုင်ရဲခဲ့ဘူး။ မောင့်ကို လန့်နေခဲ့တယ်။ သူက အပြစ်ရှိသူ၊ တွေ့ခဲ့ကြ တုန်းက မောင်က အလုံးစုံခွင့်လွှတ်ကြောင်း သူသိသွားပြီပဲ၊ သူစိတ်အေး သွားရအောင်ရော၊ မောင့်သဘောထားကိုရော မောင် ဖန်တီးခဲ့ပြီပဲ၊ ဘာလို သေးလဲ၊ ဘာကျန်တော့လဲ"

mgyoe.com

mgyoe.com



သားသည် သူ့မအေလက်ထဲက အထုပ်ကိုယူ၍ဖွင့်သည်။ စက္ကူအိတ်များ၊ ဓာတ်ပုံများ၊ ပန်းခြောက်များ၊ လက်ကိုင်ပဝါနှင့် အင်္ကျီတို့ကို ယူ၍ ဆက်မွှေနေသည်။ ဆေးပုလင်းကိုယူလိုက်ပြီး စားပွဲပေါ်သို့ တင်လိုက်သည်။ သကြားလုံးထုပ်ကို တွေ့သောအခါ ကျန်ပစ္စည်းအားလုံးကို စားပွဲပေါ်ဖယ်ချကာ ပလတ်စတစ်အိတ်ကို ဖောက်၍ သကြားလုံးကို ယူစား၏။

"မောင်ငြိမ်းကလည်း ခုထိ ညာတုန်းပဲနော်၊ ဘယ့်နှယ်လဲ ဆရာကြီး။ ငြိမ်းသမီးနဲ့ သားကို ပေးဖို့ စိတ်ကူးများ ပျက်သွားပလား၊ ပြောစမ်းပါဦး"

ခင့်ကို မျက်နှာမထားတတ်သော မျက်လုံးဖြင့် ကြည့်လိုက်သည်။ ခင့်လက်ဖမိုးကို လှမ်းယူ၍ ဆုပ်ကိုင်လိုက်သည်။ ခင်သည် ယခင်ကထက် မျက်နှာ ကြည်စင်လှချေ၏။

ဇာတ်လမ်းအဖွင့်သည် လှပ၍လာပေသည်။ ။

မြဝတီမဂ္ဂဇင်း၊ မေ၊ ၁၉၇၀။

❒

mgyoe.com

mgyoe.com

# နေရစ်ခဲ့တော့ သူငယ်ချင်း

လမ်းအဓိပတိသည် ဆိတ်ငြိမ်မှုအရာ၌ အဓိပတိ ဖြစ်လျက်ရှိလေသည်။

အသွားအလာလည်း ကင်းမဲ့နေသည်။ ကားအဝင်အထွက်လည်း မတွေ့ရ။ ကျောင်းပိတ်ရက်ဖြစ်နေ၍ တစပြင်ပမာ အသက်ကင်းမဲ့နေသည်။ ထို့ပြင် အပြင်လောကနှင့် အဆက်အစပ်ရှိသော အရပ်မဟုတ်၍ ဖြတ်သန်းဖြတ်လာ လူသူလေးပါး ကင်းရှင်းလှချေသည်။ တောင်ဘက် ခြံသော့တံခါးဝနှင့် မြောက်ဘက် တရုတ်နဂါးနှစ်ကောင် အကြားရှိ လမ်းမကြီးတစ်လျှောက်တွင် သစ်ရွက်ခြောက်တွေမှတစ်ပါး သက်ရှိဟူ၍ မတွေ့ရ။ လမ်းမီးတွေသာ လင်းမနေလျှင် လကွယ်ရက်အတွင်း ဖြစ်သဖြင့် မှောင်အတိ ပိတ်နေမည်။ ထိုသို့သာဖြစ်လျှင် ကျွန်တော်တို့လေးယောက်သား ထိုင်နေရာအရပ်သည် ယခုထက် ပိုမိုချောက်ချားဖွယ် ဖြစ်လိမ့်မည် ထင်သည်။ ယခုထက် စိတ်ဓာတ်ကျဆင်းသွားစေနိုင်လောက်မည် ထင်သည်။

"ဒီနေရာမှာ ဒီနေ့ ငါတို့ဆုံကြတာ နောက်ဆုံးများ ဖြစ်နေမလား မသိဘူး... ဟင်း"

သက်ပြင်းချသံနှင့်အတူ ကြည်ထွေးက ညည်းသည်။ စိုးမွန်သည် ဆေးပေါ့လိပ်တိုကို ဆက်တိုက်ဖွာနေရာမှ...

"ဒီနေရာကို ငါတို့ခွဲခဲ့ကြတာ ခြောက်နှစ်ကျော်ပြီ၊ ဒါ ဒီနေ့ ဒီမှာ

mgyoe.com

mgyoe.com



အကြာဆုံး စကားပြောမိကြတာပဲ၊ ကြည်ထွေးပြောသလို နောက်ဆုံး ဆုံကြတာ ဖြစ်ချင်ဖြစ်နိုင်တယ်၊ တစ်ယောက်တည်းနေတုန်းကလည်း စိတ်ဓာတ်ကျတာပဲ၊ ဆုံမိတော့လည်း စိတ်ဓာတ်တက်မလာ အောက်မေ့ပါတယ်၊ တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး ပိုတောင် စိတ်ဓာတ်ကျသေးတယ်"

ကျော်ဇောကပြုံး၍ နားထောင်နေသည်။ ခေါင်းကို တညိတ်ညိတ်လုပ်ကာ တစ်စုံတစ်ခုကို စဉ်းစားနေပုံရသည်။ အတန်ကြာမျှ စကားစပြတ်သွားသော်လည်း ကျော်ဇောက ပြန်လည်ပြောဆိုသော စကားကြောင့် စကားစ ဆက်မိကြသည်။

"စိတ်ဓာတ်ကျတာတော့ ငါလည်း ကျတာပေါ့ကွာ၊ ဒါပေမဲ့ စိတ်ဓာတ်ကျတဲ့အတွက် တစ်ခါရှုံး၊ ပြီးတော့ ဘာမှအလုပ်မလုပ် မလုပ်ဖြစ်တဲ့အတွက်က တစ်ခါထပ်ရှုံး၊ ကိုယ့်လုပ်ငန်းကိုယ် မလုပ်နိုင်ရကောင်းလားလို့ ယူကျုံးမရ ဒေါသဖြစ်တဲ့အခါ တစ်ခါထပ်ပြီး ရှုံးဦး၊ မိအေးနှစ်ခါမက ဆယ်ခါပြန်ရှုံးရတဲ့ အရှုံးမျိုးပဲ မဟုတ်ဘူးလား"

ကြည်ထွေးသည် ခုံတန်းလျားနောက်မှီတွင် ကျောကို ကပ်လိုက်သည်။ အပန်းဖြေရိပ်သာရှေ့ရှိ ကိုင်း၍ကျနေသော ကုက္ကိုကိုင်းကို သမင်လည်ပြန် ကြည့်နေသည်။ ထို့နောက် မြက်ခင်းပြင်ပေါ်တွင် ထိုင်နေသော ကျွန်တော်နှင့် ကျော်ဇောတို့ကိုကြည့်ကာ...

"ကျိုးကျတော့မတတ် ကိုင်းနေတဲ့ ဟိုသစ်ကိုင်းကို အုတ်ခုံနဲ့ထောက်ပေးထားတာ သဘောကျစရာပဲ၊ ကျိုးကျသွားရင် အလှပျက်သွားမှာစိုးလို့လား မသိဘူး၊ ကျိုးကျသွားမှာစိုးလို့ အုတ်ခုံနဲ့ ထောက်ပေးထားပုံက ပိုလှနေတယ်လို့ ငါ ထင်တာပဲ၊ ဒီလိုပဲပေါ့ ကျော်ဇောရာ၊ မင်းအားပေးပုံက ပိုလှနေတယ်၊ ဒါပေမဲ့ အကိုင်းအားနဲ့ အထောက်ထုထည် မမျှဘူး သူငယ်ချင်းရာ..."

mgyoe.com

mgyoe.com


ကျော်ဇောက သဘောကျ၍ ပြုံးလေသည်။ ကြည်ထွေး စကား ပြောလျှင် တစ်ခုခုနှင့် တင်စားလေ့ရှိသည်။ စိုးမွန်သည် သူ့ဘေးတွင် ထိုင်နေသော ကြည်ထွေးကို ပြုံးစေ့စေ့ကြည့်ရင်း...

"စိတ်ဓာတ်ကျတယ်သာ ဆိုရတယ်၊ စန္ဒရားသံနဲ့ ကဗျာရွတ်နေ သလား အောက်မေ့ရတယ်"

ကြည်ထွေး ပြုံးလေ၏။ ကြည်ထွေးသည် ကျွန်တော်တို့ သူငယ် ချင်းတစ်စုထဲတွင် ကဗျာဆရာ၊ စန္ဒရားဆရာ ဖြစ်သည်။ သူသည် ကဗျာလောက၊ ဂီတလောကတွင် နေရာရလျက်ရှိပေသည်။ အပင်ပန်း ခံခြင်း၊ ကြိုးပမ်းခြင်းတို့သည် ကြည်ထွေး၏ ပါရမီဖြစ်သည်။ သူသည် ကဗျာအရေးများသူ မဟုတ်။ သို့သော် ရေးသမျှ ကဗျာတို့သည် ပီသ ထက်မြက်သည်။ သူ့ဂီတသည် သူ မည်မျှ လေ့ကျင့်ထားကြောင်းကို အစဉ်သဖြင့် ပြသနေသည်။ သည်မျှမက သူသည် သူ့ပညာကို မြတ် လည်း မြတ်နိုးသည်။ လေးလည်း လေးစားသည်။ သူ့ပညာကို သူ့ကိုယ် ကျိုးအတွက် အသုံးမချခဲ့။ စန္ဒရားဆရာချင်း ဆုံမိလျှင် သူတစ်ပါးကို နေရာပေးတတ်သည်။ သူ့ပညာကို အမွှန်းတင်ကာ သူတစ်ပါးကို စောင်း ပါးရိပ်ခြည်မျှ မချိုးနှိမ်ခဲ့။ ဂီတပညာအရာတွင် တွန့်တိုခြင်း၊ ဝန်တိုခြင်း မရှိခဲ့။ ထိုအခြင်းအရာတို့သည် ကြည်ထွေး၏ ဂုဏ်တစ်ရပ်အဖြစ်နှင့် လူသိများသည်။ ကဗျာလောကတွင်လည်း ကြည်ထွေး၏ သည်းခံနိုင်မှု မျိုးမှာ တွေ့ရခဲဖြစ်သည်။ ဆင်တစ်ကောင်လုံးတွင် အပြစ်ကြန်အင် တစ်စုံတစ်ရာမရှိပါလျက် ဆင်စွယ်အဖျားဥ္ဒထင်နေသော အပ်တစ်ခြစ်စာ အရေးအကြောင်းကလေးကို မှန်ဘီလူးဖြင့် ပုံကြီးချဲ့သည့် ကဗျာဝေဖန် စာမျိုး၊ ဆင်တစ်ကောင်လုံး လွှင့်ပစ်ရတော့မတတ် ချဲ့ကားသည့် ဝေဖန် စာမျိုးနှင့် သူ ကြုံဖူးလေသည်။ ထိုအခါ သူ့ကဗျာဘက်မှ ဆတ်ဆတ်ခါ မနာ။ တုံ့ပြန်ရေးသားခြင်းလည်း မပြု။ စိုးစဉ်းမျှပင် မထူးခြား။

mgyoe.com

mgyoe.com



"မင်း စန္ဒရားလည်း မတီးဖြစ်ဘူးပေါ့"

သူက ကျော်ဇောကို ခေါင်းညိတ်ပြသည်။

"ကဗျာရေးဖို့ ဆိုတာကတော့ ဝေလာဝေးပေါ့... ဟုတ်လား..."

ကြည်ထွေးသည် ကုံကော်တောဆီသို့ ငေးကြည့်ရင်း တစ်ချက်ပြုံးလိုက်သည်။ သည်မှာ သူ့အဖြေ။ ကျော်ဇောသည် ခေါင်းကို ဖြည်းညင်းစွာ ခါသည်။ စိုးမွန်သည် ဆေးပေါ့လိပ်တိုကို ခဲဖြင့်နင်းရင်း၊ ကြည်ထွေးကို ကြည့်နေ၏။ ကျော်ဇောသည် ပြုံး၍...

"မင်းလက်တွေကို ငါ နှမြောတယ်ကွာ၊ ပြန်ပြီး ဖန်တီးစမ်းပါကွာ..."

"ငါ ဘာလို့ စိတ်ဓာတ်ကျတယ်ဆိုတာ မင်းသိပါတယ် ကျော်ဇောရာ၊ ငါ့စိတ်က လူတွေအပေါ်မှာ သူစိမ်းပီပီ မဆန်တတ်တာ ခက်တဲ့အရာပဲ၊ စန္ဒရားသံက နားမသာတော့ဘူးကွ၊ ငါ့တစ်ကိုယ်တည်းအတွက်ကတော့ ဘာပြဿနာမှ မရှိပါဘူး။ ငါ နာမည်ကြီးသထက် ကြီးလာမယ်၊ ငါ့အတွက် ကောင်းစားမယ်၊ ဒါပေမဲ့ အားလုံးလိုလို ပက်လက်လန်နေကြတယ်၊ ရေလိုက်ငါးလိုက် စိတ်မျိုးကလည်း မမွေးတတ်၊ ငါ့ထက်တော်တဲ့လူတွေ လှမ်းကြည့်တော့ နစ်နေကြတယ်၊ ပေါ်လောပေါ်နေတာက စောင်ခြမ်းပုံတွေ၊ ငါ စိတ်မချမ်းသာဘူး သူငယ်ချင်း၊ ဒီတော့ ဖန်တီးချင်တဲ့စိတ်က ဝရမ်းပြေးဘဝ ရောက်နေတာပေါ့"

သူ့စကားသည် ကျွန်တော်တို့ရင်ကို လှုပ်ခါသွားစေသည်။ ဝေဒနာတူများဖြစ်၍ သူ့စကားအဓိပ္ပာယ်ကို အပြည့်အဝနားလည်နိုင်ခြင်း ဖြစ်သည်။ သူ့စကားကို ဆက်လိုက်ပြန်သည်။

"ကူးစက်လွယ်တဲ့ ဝေဒနာက ရင်ထဲမှာ အမြစ်စွဲနေတာ ခက်လှတယ်၊ စန္ဒရားသံ နားထောင်ရတာကိုက ဗျိုင်းတောင်သံလို၊ အငတ်တွေ ညည်းသံလို ထင်နေရတယ်၊ ဒါပေမဲ့ ငါ ဘာတတ်နိုင်သလဲ၊ ဒါ့ပဲ

mgyoe.com

mgyoe.com


သူငယ်ချင်း ဒါပဲ”

ကြည်ထွေးသည် ဆေးပေါ့လိပ် လေးလိပ်ထုတ်ယူကာ ကျွန်တော်တို့ကို ပေးသည်။ ကျွန်တော်က သူ့ကို မီးခြစ်ပေးလိုက်သည်။ မီးခြစ်ကို ခြစ်ကာ စိုးမွန်ကို မီးညှိပေးသည်။ ပြီးမှ သူ မီးညှိသည်။ ထို့နောက် ကျော်ဇောကို လှမ်း၍ပေးသည်။ ကျော်ဇောသည် မီးညှိပြီး မီးမသတ်သေးဘဲ ကျွန်တော့်ဘက်သို့ လက်လှမ်း၏။ ကျွန်တော်က မီးခြစ်ကိုယူကာ မီးတို့လိုက်၏။ ထို့နောက် မီးခြစ်ကို အိတ်ထဲသို့ပြန်ထည့်ရင်း ကျွန်တော် စကားစလိုက်သည်။

“မင်းပြောတာတွေက ကောင်းတာတွေ မှန်တာတွေမှန်း တို့ သိပါတယ် ကျော်ဇောရာ၊ ကျုတ့်စိတ်က ပြန်ပြီးတက်စရာ အခွင့်အလမ်းရယ်လို့ ဘယ်မလဲ၊ အရိပ်အယောင်တောင် မြင်မှ မမြင်ရတာ၊ ပတ်ဝန်းကျင်ကိုကြည့်ပြီး ကျုတ့်စိတ်က အတက်နှေးတယ်ထင်တယ်”

စိုးမွန်သည် နာကြည်းသော အပြုံးမျိုးနှင့် ပြုံးနေသည်။ အခိုက်အတန့်အားဖြင့် တိတ်ဆိတ်နေသော ထိုအချိန်တွင် ကုံ့ကော်တောဆီမှ ပုစဉ်းရင်ကွဲအော်သံတွေကို ကြားရသည်။ ထိုမှတစ်ပါး လေတိုးဖွေ့သံတစ်ချက်တလေကိုမျှ မကြားရ။ ဆေးလိပ်မီးခိုးတွေကို မှုတ်ထုတ်ရင်း စိုးမွန် နှုတ်ခမ်းဟသည်။

“စိတ်ဓာတ်ကျတယ်ဆိုတာ စိတ်ဓာတ်ကို အစတုန်းက တင်ထားလို့ ဖြစ်မှာပေါ့ကွ၊ မဟုတ်ဘူးလား၊ မင်းတို့ စဉ်းစားကြည့်လေ၊ အစကတည်းက စိတ်ဓာတ်ကို မြေကြီးပေါ်ချထားရင် ဘယ်ကလာပြီး စိတ်ဓာတ်ကျစရာနေရာ ရှိတော့မလဲ၊ စိတ်ဓာတ်ကို သစ်ကိုင်းမှာ သွားချိတ်ထားလို ချိတ်ထား၊ အိမ်တံစက်မြိတ်မှာ ချိတ်လိုချိတ်၊ တိုက်ခေါင်မိုးပေါ် တင်လိုတင်၊ ထန်းပင်ပေါ် ထားလိုထားဆိုတော့ ငလျင်တစ်ချက် လှုပ်လည်းလှုပ်ရော ဖုတ်ခနဲ ပြုတ်ကျတော့တာပေါ့”

mgyoe.com

mgyoe.com



စိုးမွန့်စကားက အားလုံးကို ပြုံးစေ့စေ့ ဖြစ်သွားစေသည်။ စကားပြောလျှင် ဒေါသနှင့်တကွ၊ ဆယ်ခွန်းလျှင် ကိုးခွန်းမျှ အဆဲအဆိုဝသီပါတတ်သော စိုးမွန်သည် သည်တစ်ခွန်းကို လေအေးအေး ပြောလေသည်။ သူ့စကားကို ကျွန်တော် ဖြေလိုက်သည်။

"အမြင့်မှာချိတ်ထားလို့ ပြုတ်ကျရတာလို့ ငါ မထင်ပါဘူး၊ အစကတည်းက မြေကြီးပေါ်မှာပဲ ထားတာပါကွာ၊ ရေတွင်းပျက်ထဲ လျှောကျသွားတာပါ စိုးမွန်ရ၊ စဉ်းစားကြည့်စမ်းပါဦး"

သူသည် တွေ၍နေရာမှ ခေါင်းညိတ်လိုက်သည်။ ကျော်ဇောသည် ဆေးပေါ့လိပ်ကို နှုတ်ခမ်းမှ ခွာလိုက်သည်။ စိုးမွန်ကိုကြည့်၍ ပြောသည်။

"ဗိသုကာပညာရပ်နဲ့ ပတ်သက်တဲ့ မင်း စိတ်ကူးတွေကို ရပ်ဆိုင်းထားလို့ မသင့်ဘူးလို့ ငါတော့ ထင်တာပဲ"

"ငါလည်း ဒီအတိုင်း သဘောရပါတယ်ကွာ၊ ဒါပေမဲ့ ဘယ်သူ့အတွက် ပုံစံတွေ ထုတ်ပေးရမှာလဲ ကျော်ဇော၊ မီးလောင်လိုက်၊ တဲဆောက်လိုက်၊ တဲဆောက်လိုက် ပြိုကျလိုက်။ မဒမတိုင် ခနိမိုးနဲ့နေကြတဲ့ စက်ရုံထဲကလူတွေ၊ လယ်ထဲကလူတွေအတွက်တော့ စေတနာ့ဝန်ထမ်းပုံစံတွေ ဆွဲပေးချင်ပါတယ်၊ ပုံစံဆွဲခ ငါးထောင်၊ တစ်သောင်းမကပေးနိုင်တဲ့လူတွေအတွက်တော့ လက်လည်းမပါ၊ စိတ်လည်းမပါကြီးဘဲ၊ နိုင်ငံခြားသားတွေဆီ ရောင်းခဲ့ရင် ပိုက်ဆံထားစရာတောင် မရှိအောင် ချမ်းသာနေပြီပဲ သူငယ်ချင်း၊ ဒီမယ် ဖိုးကျော်ဇော၊ မင်းမျက်လုံးတွေ၊ နားတွေ ဖွင့်ထားသားပဲ၊ ငါ ဒီလောက်ပြောရင် သိပါကွာ"

ကျော်ဇောသည် ခေါင်းကို တညိတ်ညိတ်လုပ်နေသည်။

"မင်းပြောတာ ငါသိပါတယ် စိုးမွန်၊ မင်းသဘောကို ငါသိပါတယ်၊ ဒါပေမဲ့ မင်း အဆက်မပြတ် အလုပ်လုပ်နေစေချင်တယ်လေ"

စိုးမွန်သည် ဟက်ဟက်ပက်ပက် ရယ်လေသည်။

mgyoe.com

mgyoe.com


"ငါ့တစ်ယောက်တည်းအတွက်ကတော့ ဒူးနှန့်ပြီး တိန်တိန်မြည်နိုင်သားပဲ၊ မျက်လုံးနဲ့ နားထဲရောက်လာတဲ့ အရာတွေက စိတ်ဓာတ်ကို တအိအိ ချိုးချနေတယ်ကွ၊ ရှင်းရှင်းပြောရရင် ခုအချိန်မှာ ဘယ်သူ့မျက်နှာမှ မကြည့်ချင်သလို ငါ့မျက်နှာလည်း ငါ မကြည့်ချင်ဘူး။ ဒါပဲ ရှင်းတယ် မဟုတ်လား၊ ငါ့လို ဝေဒနာမျိုးဟာ ငါတို့လို အသက် အစိတ်သုံးဆယ်အရွယ် လူငယ်တွေအားလုံးလိုလိုမှာ ခံစားနေရတဲ့ ဝေဒနာမျိုးပဲ ထင်တယ်၊ ကြည်ထွေးပြောနေကျ ကဗျာကို မင်း မှတ်မိတယ် မဟုတ်လား"

ကျော်ဇောသည် ခေါင်းညိတ်ကာ "ပုပ်ဟောင်တဲ့အနံ့တွေ ဝင်လာမှာစိုးလို့ တံခါးတွေပိတ်ထားရင် ကောင်းတဲ့ရနံ့တွေကော ဘယ်အပေါက်က ဝင်လာနိုင်ပါတော့မလဲ ဆိုတဲ့ဟာလား" ဟု မေးသည်။ စိုးမွန်သည် ခေါင်းညိတ်ပြသည်။ စကားစတွေ ပြတ်သွားကြပြန်သည်။ ကိုယ့်အတွေးကို ကိုယ်စီကိုယ်င တည်ဆောက်နေကြပုံရ၏။ ကျွန်တော်တို့၏ စကားပြောပုံ၊ လှုပ်ရှားပုံတို့သည် အသက်ကောင်းစွာ မဝင်သေးသော ကြက်ကောင်ပေါက်တွေနှင့် တူနေသည်။ ဆေးလိပ်မီးခိုးတွေကသာ လူးလွန့်နေကြသည်။ လေတစ်ချက်ဝှေ့လာ၍ ဆေးလိပ်မီးခိုးတွေ လွင့်သွားသည်။ သစ်ရွက်ခြောက်တွေ ကြွေကျလာသည်။ မလှမ်းမကမ်းရှိ ငုပင်သည် လှုပ်ယိမ်းနေသည်။ ငုပွင့်တို့သည် ခေါင်းယမ်းနေကြသည်။ လမ်းထောင့်ရှိ စိန်ပန်းပင်ပျိုသည် လေပြည်၌ပင် သိသိသာသာ လှုပ်သွားသည်။ အပွင့်တို့သည် လမ်းပေါ်သို့ ကြွေကျလာ၏။ မီးရောင်အောက်တွင် အနီပွင့်တို့သည် ညစ်ပုပ်လျက် ရှိချေသည်၊ ကျွန်တော် ညည်းမိသည်။

"စိတ်ညစ်ရတဲ့အထဲ ခြောက်ကပ်ကပ်ကြီးကွာ"

ကြည်ထွေးသည် "ဟင်း" ခနဲ တစ်ချက်ရယ်လိုက်သည်။

"ဟေ့ကောင် အောင်ဆွေ၊ နွေဆိုတာ ဒီလိုပဲဟာ၊ ဘာဆန်းတာမှတ်လို့၊ အစွမ်းကုန်ပူပြီးရင် နွေ့သတ္တိကုန်သွားပြီလေ၊ အခုနေတော့

mgyoe.com

mgyoe.com



ခြောက်သွေ့မြဲပေါ့"

ကျော်ဇောသည် ပြုံး၍ကြည့်နေသည်။ ကျွန်တော့်ကိုကြည့်ကာ...

"မင်းလည်း သူတို့လိုပဲ၊ ဘာထူးလဲ"

"ငါ လုပ်ချင်စိတ်ရှိတုန်းက ငါ ဘယ်လောက် လုပ်ခဲ့တယ်ဆိုတာ မင်းတို့အသိပါကွာ၊ ဟောဒီ ပိဋကတ်တိုက်ကြီးကို သွားမေးကြည့်ရင်တောင် ဖြေမျှားဖြေမလား မသိဘူး၊ မင်းတို့ကို ဟိုအရင်က ငါ ပြောဖူးပါတယ်၊ သုတေသနဆိုတာ သူများအတွက် လုပ်ရတဲ့အလုပ်ပါလို့၊ အဲဒီသူများဆိုတဲ့လူတွေက ငါရေးတဲ့စာတွေကို ဖတ်ဖို့ အချိန်ရှိသေးလို့လားကွာ၊ ဒီစာလေး စာခြောက်တွေကို ဖတ်ဖို့ စိတ်ဝင်စားနိုင်ကြရဲ့လားကွာ၊ မင်းစိတ်ထဲမှာ မင်း ဖြေကြည့်လေ၊ ရှင်းနေတာပဲ"

ကျော်ဇောသည် ခေါင်းကိုခါ၍ မျက်စိမှိတ်ထားသည်။ ကျွန်တော့်စကားကို ခေါင်းခါငြင်းပယ်လိုက်ခြင်း မဟုတ်ကြောင်း သိသည်။ သူ့ရင်ထဲက သူ့အဓိပ္ပာယ်နှင့်သူ။

"မင်း ဘယ်လောက် စုဆောင်းထားတယ်၊ ဘာတွေ သုတေသနပြုဖို့ လျာထားထားတယ်ဆိုတာ ငါ နားလည်ပါတယ်၊ အသစ်မရေးတောင် စုဆောင်းပြီးသားတွေနဲ့ ရေးသင့်တယ်ထင်တယ်"

သူ့လေသံက အားပျော့လှသည်။ ကျွန်တော်သည် စိတ်မသက်သာသော ဝေဒနာသစ်ကို ထပ်မံခံစားရပြန်သည်။ မပြောတော့ဘူးဟု ဆုံးဖြတ်ထားသော်လည်း ပြောမိချေသည်။

"သုတေသနစာတမ်း ငါးစောင် ငါ ပြုစုခဲ့ပါပြီ သူငယ်ချင်း၊ တိုင်းရင်းသား ယဉ်ကျေးမှုတွေအတွက် ငါ ဘယ်လောက် အပင်ပန်းခံခဲ့တယ်ဆိုတာ အဲဒါတွေက သက်သေပဲ၊ လူကိုလည်း ကြည့်ဦး၊ သွေးဝမ်းကြောင့်ပါ အသောင်းပိပြီး မသေရုံ ကျန်ရစ်ခဲ့တယ်။ ဘယ်သူတွေက ဖတ်မျှားဖတ်နိုင်ဖို့ အချိန်ရသလဲ၊ စာအုပ်တွေ၊ ပေတွေ၊ ပုရပိုက်တွေ၊ ဘုရားပျက်

mgyoe.com

mgyoe.com


တွေ၊ ကျောင်းပျက်တွေကြားထဲကနေ အပြင်ကို ခေါင်းထောင်ကြည့်မိတော့မှ တစ်ခါတည်း စိတ်ဓာတ်က ထိုးကျရတော့တာပဲ၊ ဒါပေမဲ့ ငါဘာတတ်နိုင်မတဲ့လဲ၊ ငါလုပ်ချင်စိတ်ရှိတုန်းက စာကြည့်တိုက်မှန်သမျှရဲ့ အမြင်ကတတ်ခံရလောက်အောင် စာအုပ်အငှားအရမ်း အဖတ်အရှုတွေ လုပ်ခဲ့တယ် သူငယ်ချင်း။ ပုဂံဘုရားစောင့် အမှုထမ်းတွေ စိတ်တိုရလောက်အောင် ဝင်လိုက်ထွက်လိုက်၊ ကူးလိုက်မှတ်လိုက် လုပ်ခဲ့တယ် သူငယ်ချင်း။ ဗမာပြည်မှာမရှိတဲ့ အထောက်အထားတွေအတွက် နိုင်ငံခြားစာကြည့်တိုက်တွေ၊ စာအုပ်ဆိုင်တွေမှာ ပိုက်ဆံပေးပြီး မှာယူရလို့ ငွေအများကြီး ကုန်ခဲ့ပြီ သူငယ်ချင်း။ အိပ်ကောင်းခြင်းမအိပ်ရ၊ စားကောင်းခြင်း မစားရတဲ့အထိ ငါ ရေးခဲ့ဖူးပါပြီ။ ဒါပေမဲ့ အသိဉာဏ်ကိစ္စနဲ့ ပတ်သက်လို့ လူတွေမှာ အချိန်မပေးနိုင်ကြပါဘူးလေ၊ ဒီတော့ သုတေသနနဲ့ ငါနဲ့ ကွာရှင်းပြတ်စဲထားလိုက်တယ်၊ ဘယ်လောက်ထိအောင် ကြာမလဲတော့ မမှန်းနိုင်ဘူး"

ကျွန်တော့်အသံသည် အတန်ငယ် ကျယ်လွန်းသွားသည့်ပြင် ဒေါသသံပါ နှောသွားသည်ထင်၏။ ကျော်ဇောသည် အထိတ်တလန့် မျက်နှာနှင့် ကျွန်တော့်ကို ငေးကြည့်နေ၏။ စိုးမွန်သည် နှုတ်ခမ်းကို စေ့ထားကာ ပြုံးနေ၏။ ကြည်ထွေးသည် မျက်လုံးအဝိုင်းသားနှင့်။

"အလုပ်လုပ်ရတယ်ဆိုတာ စိတ်ချမ်းမြေ့မှကောင်းတာပဲ ကျော်ဇော၊ မင်းကိုယ်တိုင် အလုပ်သမား၊ ပြီးတော့ စာရေးဆရာ၊ ဒီအလုပ်နှစ်ခုစလုံးဟာ တို့ကို စာနာနိုင်စေမယ့် အလုပ်မျိုးတွေ၊ မင်းက ငါတို့ထက် စိတ်ဓာတ်ခိုင်မာတာ အမှန်ပဲ၊ မင်းစိတ်ဓာတ်ကို အံ့လည်းအံ့ဩသလို လိုလည်း လိုချင်ပါတယ်ကွာ၊ ခက်တာက စာနာစိတ်နဲ့ ကျရတဲ့ စိတ်ဓာတ်က အတက်ခက်တယ်၊ ဒီလိုဆိုလိုက်လို့ မင်း စိတ်ဓာတ်ခိုင်မာတာဟာ စာနာစိတ်မရှိလို့ ပြောတာမဟုတ်ဘူး"

mgyoe.com

mgyoe.com



စိုးမွန်သည် ဖြေရှင်းနေသည်။

"ငါ နားလည်ပါတယ် သူငယ်ချင်း၊ ကဗျာဆန်ဆန်ပြောရရင် မျှော်လင့်ခြင်းဟာ အနာဂတ်ရဲ့ အသီးအပွင့်၊ ဟုတ်လား၊ ဒါလား" ကြည် ထွေးက နာကြည်းစွာ ရယ်လိုက်ကာ...

"နွေ သူငယ်ချင်း၊ တစ်ပင်လုံး အရိုးပြိုင်းပြိုင်းနဲ့ ဒီအပင်ဟာ နွေမှာ အသီးအပွင့် မထွက်ဘူး"

ကျော်ဇောသည် ဆေးလိပ်တိုကို လမ်းပေါ်သို့ လွှင့်ပစ်လိုက်သည်။ ဆေးလိပ်တိုသည် ဆေးခေါင်းများထွက်ကာ မီးခိုးတွေ အူတက်လာ သည်။ တံစူးဝါးကို မီးစားကာ အငွေ့တက်နေပုံမျိုးဟု ထင်လိုက်သည်။ လေပွေတစ်ချက်ဝေ့၍ ဆေးလိပ်တိုသည် ပုဏ္ဏာရိုက်ပင်တွေကြားသို့ လွင့် ထွက်သွားသည်။ သစ်ရွက်ခြောက်တွေက ချာလပတ်လည်နေကာ လူ နှစ်ရပ်ခန့် တက်သွားသည်။ ထို့နောက် လမ်းမပေါ်သို့ ဟိုတစ်ရွက် သည်တစ်ရွက် လွင့်ကျသွားသည်။ ကံ့ကော်တောသည် လေပွေ အနားခတ် သွား၍ သိမ့်ခနဲ လှုပ်သွားသည်။ လေတိုးသံသည် ညကို ရုပ်ပျက်သွား စေသည်။ ထိုအခိုက် ပိဋကတ်တိုက်ရှေ့တွင် ခွေးသုံးလေးကောင် ကိုက်ခဲ နေပြန်သည်။ တစ်ကောင်သည် အနောက်ဘက်သို့ ထွက်ပြေးသည်။ ခွေးမတစ်ကောင်သည် ကံ့ကော်တောဆီသို့ ပြေးဝင်သွား၏။ ခွေးထီး တစ်ကောင်သည် ခွေးမနောက်သို့ လိုက်ပြေးသွားသည်။ ကျန်ခွေးတစ် ကောင်သည် စာကြည့်တိုက် လှေကားထစ်ပေါ်သို့ တက်၍ထိုင်နေ၏။ ပတ်ဝန်းကျင်သည် တစ်ခဏအားဖြင့် မငြိမ်မသက် ဖြစ်သွားပြီးနောက် ပကတိအတိုင်း ငြိမ်သက်သွားလေသည်။

"ငါတစ်ယောက်တည်း အတွက်ကတော့ ဘာမှ စိတ်ဆင်းရဲစရာ မရှိပါဘူး ကျော်ဇောရာ၊ နိရိုးဘုရင်လို အနေသာကြီးနေတတ်တဲ့ စိတ်မျိုး မရှိတော့ စိတ်ဆင်းရဲတယ်ကွ၊ ကိုယ်လုပ်နေတဲ့ ဘာသာရပ်အတွက်

mgyoe.com

mgyoe.com


အထောက်အထားတွေရှာ၊ စု၊ မှတ်၊ ဘာသာရပ်ကလွဲလို့ ကျန်တာဆို ဘာတစ်ခုမှ သတိမရလို့ ပုဂ္ဂလိက နိဗ္ဗာန်ဘုံလို့ခေါ်ချင်တောင် ခေါ်နိုင်မယ်ထင်ပါရဲ့။ ငါတို့အတွက်တော့ အကောင်းဆုံး သမထနည်းပဲ မဟုတ်လား၊ ဒါပေတယ်လို့ တစ်ယောက်နဲ့အများဟာ အဆက်အစပ် မရှိဘူး၊ ရောင်ပြန်မဟပ်ဘူး၊ ပဲ့တင်မရိုက်ဘူးဆိုရင်တော့ ဘာမှမဖြစ်ဘူးလေ၊ ပြီးတော့ ဘာကိုမှ လေးလေးနက်နက် မထားဘူး၊ စာနာစိတ်မထားဘူး။ ရတုန်းရခိုက် ယူလိုက်၊ စားလိုက်၊ သောက်လိုက်၊ ကိုယ့်ဘဝ ဖူလုံပြီးရောလို့ သဘောထားတတ်ရင် ဘာစိတ်ညစ်စရာလိုမလဲ၊ တို့ ခံစားနေရတာ ဒါပဲ ကျော်ဇော"

ကျော်ဇောသည် နဖူးတွင် ချွေးစသီးနေသည်တို့ကို လက်ဝါးဖြင့် ပွတ်လိုက်သည်။ စိတ်အကျပ်အတည်း ကြုံနေဟန်ရှိ၏။ ကြည်ထွေးသည် အောက်သို့ဆင်းကာ ဖိနပ်ခု၍ထိုင်သည်။

"အောင်ဆွေပြောတာ အမှန်ပဲ၊ ဒီရောဂါဟာ တို့နဲ့ သက်တူရွယ်မျှ လူငယ်တွေ၊ တို့နဲ့ နှလုံးသားချင်းတူတဲ့ အဲဒီလူငယ်တွေရဲ့ ရင်မှာ စွဲကပ်နေခဲ့တဲ့ အနာဆိုးပဲ ကျော်ဇော၊ မင်းလည်း အခု ဒီအတိုင်းပဲမဟုတ်လား၊ မင်းပြောဖူးတဲ့ လာမယ့် အနှစ်နှစ်ဆယ်ရဲ့ မြန်မာနိုင်ငံသမိုင်းလေ၊ ယဉ်ကျေးမှုသစ် ဆိုတာကကော၊ အိပ်မက်များလား"

သူ့အသံသည် မကျေနိုင်၊ မချမ်းနိုင် အသံမျိုး။

"အိပ်မက် မဟုတ်ဘူး၊ စိတ်ဓာတ် မမြင့်မားသေးသရွေ့ ဘာကိုမှ လုပ်လို့မရဘူး သူငယ်ချင်း၊ ဂျပိုးသူခိုးစိတ်၊ တစ်ပါးကျွန်စိတ်၊ ကောက်ရိုးပုံစောင့်တဲ့ ခွေးစိတ်၊ အထက်ဖား၊ တန်းတူတွန်း၊ အောက်ဖိစိတ်ဓာတ်မျိုး၊ တစ်ဆန်ကောစာ အိုင်ထဲရောက်ရင် ငါသခင်၊ ငါမင်းမူမဟဲ့။ အိုင်ထဲလာသမျှ သတ္တဝါ သေပေရော့ဆိုတဲ့ ငဖားမစိတ်ဓာတ်မျိုး၊ ဒီရေတက်လာတုန်းကတော့ ခရာပင်တွယ်တက်လို့၊ ဒီကျတော့မှ တွင်းပေါင်မှာ မင်း

mgyoe.com

mgyoe.com



ယောင်ခင်းတဲ့ ကဏန်းကောင်ရဲ့ စိတ်ဓာတ်မျိုး၊ ရေယိမ်းလိုက် ဘသား ယိမ်းလိုက် စိတ်ဓာတ်မျိုးတွေ ရှိနေသရွေ့ သမင်မွေးရင်း ကျားစားရင်းပဲ"

စိုးမွန်သည် ဒေါသစကားအဆုံးတွင် တောက်တစ်ချက် ခေါက်လိုက်သည်။ သူ့စကားကြောင့် အားလုံး၏ရင်သည် ပိုမိုပူနွေးလာရမည် ထင်၏။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့အားလုံး၏ အပြောအဆို အမူအရာသည် စောစောကထက် လှုပ်ရှားတက်ကြွလာသောကြောင့် ဖြစ်လေသည်။

"သူ့နေရာနဲ့သူ ထက်မြက်တက်ကြွတဲ့ လူငယ်တွေ တော်တော်များများဟာ စိတ်ပျက်အားလျော့ခြင်းဆိုတဲ့ အဆိပ်ကိုသောက်ပြီး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားကြတယ်"

ကျွန်တော့်နှုတ်မှ ထိုစကားတစ်ခွန်းသည် ဆောင့်၍ ထွက်သွားလေ၏။

"လူငယ်ဆိုတာ ဘာကိုမှ မရောင့်ရဲဘဲ အရာရာကို အမြဲတမ်း မကျေမနပ်ဖြစ်နေတာပဲလို့ စကားပုံတစ်ခုက ဆိုတယ်၊ နောက်စကားပုံတစ်ခုကလည်း လူငယ်ဆိုတာ လောကကို ရန်စွယ်နဲ့ငေါငေါ ကြည့်တယ်လို့ ပြောတယ်၊ တို့နဲ့ကျတော့ ဒီစကားပုံတွေက တခြားစီဖြစ်နေတယ်။ တစ်ယောက်တည်းအတွက် မဟုတ်တဲ့ အတွေးတွေက ရင်ထဲကို စူးထိုးချနေတာမျိုးပဲ ကျော်ဇော။ မင်းလည်း ဒီအတိုင်း နောက်ပြီး... အို... တော်ပါပြီကွာ၊ မပြောချင်တော့ပါဘူး"

ကြည်ထွေးသည် ဆေးလိပ်ကို ဆက်ခါ ဆက်ခါ ဖွာနေသည်။ ကျော်ဇောသည် ခေါင်းကိုကုတ်ကာ ရေတမာပင်တန်းဆီသို့ ငေးကြည့်နေ၏။ အတန်ကြာတော့မှ...

"တစ်ခုတော့ ငါ ပြောချင်တယ်ကွာ၊ စိတ်ဓာတ်ကျလို့ ကိုယ့်မှာသာ ဘာမှ မလုပ်ဖြစ်တာ သူငယ်ချင်း၊ ကျန်တဲ့ တစ်လောကလုံးကတော့

mgyoe.com

mgyoe.com


လှုပ်ရှားမြဲ လှုပ်ရှားနေမှာပဲ၊ ဆိုက်ကားဆရာကလည်း ဆိုက်ကားနင်းနေမှာပဲ၊ သမ္မန်သမားကလည်း သမ္မန်ခတ်နေမှာပဲ၊ ပါမောက္ခကလည်း စာသင်နေမှာပဲ၊ နေလည်း ထွက်မှာပဲ၊ လလည်းထွက်မှာပဲ၊ ဘာမှ ရပ်မနေကြဘူး၊ ဒါကို မင်းတို့ သိပြီးသားပါ"

ကျော်ဇော၏လေသံသည် ပျော့ပျောင်းလှသည်။ ဝမ်းနည်းသံရောနှောနေသည်ကို သတိထားမိသည်။ မျှော်လင့်ချက်နှင့် ဆက်နေသည်ထင်၏၊ စိုးရိမ်နေသည်ဟုလည်း ထင်ရသည်။ ကျွန်တော်တို့သုံးယောက်သည် သူ့ကိုပြုံင်တူလိုလို ကြည့်မိကြသည်။ သူ့စကား၏ လှိုင်းဂယက်တွေကို မြင်ရသည်။ မရှေးမနှောင်း ပြုံးမိကြသည်။ သို့သော် စကားမဆက်မိကြ။

"ဘယ်သူမှ ကျန်မနေစေချင်ဘူးကွာ၊ ဒါ ငါ့သဘောထားပါ"

အတန်ကြာသောအခါ သူ ပြောပြန်သည်။ ကျွန်တော်တို့ စကားမထောက်မိကြ။

"သိပ်မကြာခင်မှာပဲ ငါတို့ ဒီနေရာမှာ ပြန်ဆုံကြမယ်၊ စိတ်ဓာတ်တက်တက်ကြွကြွနဲ့ တိုင်ပင်ပြောဆိုကြလိမ့်မယ်လို့ ငါ အမှန်ပဲ မျှော်လင့်ပါတယ်ကွာ"

သူ့နောက်ဆုံး စကားတစ်ခွန်းကိုလည်း ပြန်မပြောမိကြ။ လူချင်းခွဲလိုက်သောအခါ ကျော်ဇောသည် တောင်ဘက်ခြသေ့် တံခါးဝဘက်သို့ထွက်သွားသည်။ စိုးမွန်သည် အင်းဝဆောင်ဘက်သို့ ထွက်သွားသည်။ ကြည်ထွေးသည် ယုဒသန် ဘုရားရှိခိုးကျောင်းဘက်သို့ လျှောက်သွားသည်။ ကျွန်တော်သည် ထိုင်နေရာ၌ပင် အငူသား ကျန်ရစ်ခဲ့သည်။

တိတ်ဆိတ်လျက်ပင် ရှိသည်တည့်။

ရှုမဝရုပ်စုံမဂ္ဂဇင်း၊ ဇွန်၊ ၁၉၇၂။

❐

mgyoe.com

mgyoe.com

# အလွမ်းရွှေရတု

## (၁)

ကျွန်တော့်မြေးက စက်ဘီးကို ကြိုးတပ်ပြီးဆွဲပါဟု ပူဆာ၍ ရှေ့မှ ဆွဲကာ လျှောက်သည်။ မြေးသည် သူ့မိခင်နှင့်အတူ မြေလတ်မြို့သို့ အလည်သွားပြီး ပြန်ရောက်စ၊ မြင်းလှည်းစီးခဲ့ရသည်ကို သတိရနေသော ကြောင့် ဖြစ်မည်။ စည်းရိုးပုဏ္ဏာရိုက်ကိုင်းကို ကိုင်ကာ "ဟဲ့ မြင်း... ဟဲ့မြင်း" ဟု မပီကလာ ပီကလာ မောင်းနေ၏။ တိုက်အောက်ထပ်တစ်ပြင်လုံးတွင် ကျွန်တော် လှည့်ကာပတ်ကာ စက်ဘီးဆွဲရ၏။ သုံးလေးပတ် ပတ်ပြီး သောအခါ ကျွန်တော် ဒူးနာချင်လာ၏။ အသက်ရှူ အတန်ငယ်မြန်လာ ကာ မောချင်သည်။ ထို့ကြောင့် ကြိုးကို လွှတ်ရင်း...

"ခဏ နားမယ်နော်"

"ဟင့်အင်း... ဟင့်အင်း... မြင်းဆွဲပေး"

ဟု ပူဆာသည်။

"မြင်းက မောပြီလေကွာ။ မြင်းကိုအစာကျွေးဦး။ ဘွားဘွားဆီ သွား။ ကော်ဖီနဲ့မုန့် လာကျွေးပါလို့"

မြေး သဘောပေါက်ဟန်တူ၏။ သုံးဘီးစက်ဘီးပေါ်မှ ဆင်းကာ

mgyoe.com

အတွင်းခန်းတွေဆီသို့ သွားသည်။ ကျွန်တော်သည် အခန်းထောင့်ရှိ အလူမီနီယမ်သတ္တု ခေါက်ကုလားထိုင်ပေါ်တွင် ထိုင်လိုက်သည်။ ထို ခဏတွင် ခြံဝဆီမှ ကားသံကြားရ၏။ ကျွန်တော် လှမ်းကြည့်လိုက် သည်။ သမီးကြီးနှင့် ခင်ပွန်းတို့၏ရုံးကား။ ဧည့်ခန်းထဲမှထွက်ကာ ကျွန်တော့်ထံသို့ လာနေသော မြေးသည် မအေနှင့်ဖအေတို့၏ကားကို ကြည့်နေ၏။ မြင်းလှည်းမောင်းရန် အာရုံထက်သန်နေ၍ ဖြစ်မည်။ အမေနှင့်အဖေကိုကြိုရန် မေ့နေ၏။ ကျွန်တော့်ဘေးတွင် လာရပ်ပြီး...

"ဘိုးဘိုး... ဘွားဘွားက ထမင်းစားခန်းထဲကို လာတဲ့။ ဟိုမှာ စားတဲ့"

ငါးနှစ်မပြည့်သေးသော မြေးသည် ကျွန်တော့်လက်ကို ပြောအပြီး တွင် ဆွဲ၏။

"အေး... အေး... ဘိုးဘိုး လာမယ်"

ဟု ကျွန်တော် ပြောသည်။ သမီးကြီး၏မျက်နှာသည် မြေးအဘိုး ကို လှမ်းကြည့်နေ၏။ အောက်ထပ်ဘေးသို့အရောက်၌ ကားရပ်၏။ သမီးကြီး ဆင်းလာ၏။ သမက်က ကားရုံဆီသို့ ဆက်မောင်းသွားသည်။

မြေးသည် ကျွန်တော့်လက်ကိုဆွဲကာ ဧည့်ခန်းထဲသို့ ခေါ်၏။

"ဘိုးဘိုး မြန်မြန်စားနော်။ သား မြင်းလှည်းမောင်းချင်ပြီ"

ဟုပြောသည်။

"ကောင်းပါပြီဗျာ"

ဟု သူ့ကိုပြောသောအခါ ပြုံးလေသည်။

"သားသား... မေမေ့ကိုတောင် လာမကြိုဘူး"

သမီးကြီးက နောက်မှလှမ်းပြော၏။ မြေးသည် မိခင်ကို လှည့် ကြည့်ပြီး ပြုံးသည်။ ဘာမျှပြန်မပြော။

"သမီးကို ဘယ်လာကြိုမှာလဲ။ မြင်းလှည်း မောင်းနေတာ။ အခု

mgyoe.com

mgyoe.com


မြင်းကို ကော်ဖီနဲ့မုန့်ကျွေးပြီး မြင်းလှည်းသုံးဘီး ဆွဲခိုင်းဦးမလို့"

ဟု ကျွန်တော် ပြောသည်။

သမီး တိုးတိုးရယ်၏။

ဧည့်ခန်းထဲသို့ ကျွန်တော်တို့မြေးအဘိုး ရောက်သောအခါ သမီးက အပေါ်ထပ်သို့ တက်သွားသည်။ ထမင်းစားခန်းထဲသို့ မြေးက ဦးစွာဝင်၏။ ကျွန်တော့်လက်ကိုလွှတ်ရင်း ဘွားဘွားဟုခေါ်၏။ ပေါင်မုန့်မီးကင်နှစ်ချပ်ကို စတော်ဘယ်ရီယိုသုတ်နေသော ဘွားအေက

"ဘာလဲ သား"

"သားသားလည်း စားမယ်"

"ဒီမှာလေ။ မင်းတို့မြေးအဘိုးအတွက်"

ထမင်းစားစားပွဲတွင် မြေးအဘိုးမျက်နှာချင်းဆိုင် ထိုင်ကြသည်။ ကျွန်တော်တို့ မုန့်စားနေစဉ် သမီးကြီးရောက်လာ၏။ ရေခဲသေတ္တာထဲမှ ရေပုလင်းထုတ်ကာ သားဘေးက ကုလားထိုင်တွင် ထိုင်၏။ သမီးကြီးသည် မိခင်ဖြစ်သူကို လှမ်းကြည့်ပြီး...

"မေမေ့မွေးနေ့လာဖို့ ဒေါ်လေးရီရီတင်တို့ဆီ နေ့လယ်က ဖုန်းဆက်လိုက်တယ် မေမေ"

ကျွန်တော့်ဇနီး ခင်သည် မြေးကော်ဖီပန်းကန်ကို အေးအောင် ရေစိမ်ပြီး ဖွန်းဖြင့်မွှေနေရာမှ...

"ကိုခင်မောင်လတ်တို့ကိုပါ တစ်ဆင့်ဖိတ်ပေးဖို့ သမီးပြောလိုက်ရဲ့လား"

"ပြောလိုက်ပါတယ်မေမေ။ ကိုကိုကြီးဆီက ဖုန်းလာလား မေမေ၊ မွေးနေ့အမီ ရန်ကုန်ဆင်းလာဖို့"

သမီးသည် အစ်ကိုအကြီးဆုံး မရောက်မှာစိုး၍ မေးပြောပြောသည်။ ကျွန်တော်က...

mgyoe.com

mgyoe.com


"နေ့လယ်တုန်းက သားကြီးဆီက ဖုန်းဆက်တယ်။ နှစ်ရက် သုံးရက် ကြိုရောက်မယ်တဲ့။ ညည်းဖို့ တောင်ကြီးက ပဲကြော်ရော၊ ပဲပုပ် ရော ကားတစ်စီးတိုက်လောက် သယ်ခဲ့ပါ့မယ်တဲ့"

သမီးကြီးသည် ရေသောက်နေ၏။ ပြန်မပြောသေး။ လည်မျို ရေကျဖြစ်သွားတော့မှ ဖန်ခွက်ကိုင်ထားရင်း...

"ကိုကိုလေး ဘန်ကောက်က အဲဒီရက်အမီရောက်ရင် ကောင်းမှာပဲ"

အစ်ကို၏ အစားလက်ဆောင်စကားကြောင့် ပြုံးလက်စနှင့် ကျွန်တော့်ကို လှမ်းကြည့်ပြီးပြောသည်။ ခင်က မြေးရှေ့သို့ ကော်ဖီ ပန်းကန်ချပေးပြီး...

"ဆစ်ဒနီက ဖုန်းဆက်တုန်းကတော့ မေမေ့မွေးနေ့ မတိုင်ခင် ဆယ့်ငါးရက်လောက်စောပြီး ပြန်ရောက်မယ်လို့ ဆိုတာပဲ"

"အိမ်အပြန်ခရီးပဲကွာ။ ခရီးကြုံရာတော့ သူ လျှောက်လည်မှာပေါ့။ မနီလာကဦးလေးတွေဆီ ဝင်ချင်လည်း ဝင်ဦးမှာဆို။ လူပျိုပဲ လျှောက် လည်ပေစေပေါ့။ ငါတို့ သူ့အရွယ်လူပျို ကိုယ်လွတ်တုန်းက လျှောက် သွားဖို့ အခွင့်က ရှားပါပေ့။ သူ့အလုပ်က ဟိုမြို့သွား၊ ဒီမြို့သွား၊ တစ်ကမ္ဘာလုံးက ကုမ္ပဏီခွဲတွေဆီ သွားရတာ။ ငါသာဆို..."

ဟု စကားမဆုံးမီ ခင်က...

"ဟုတ်ပါတယ်။ ရှင်သာဆိုရင် နိုင်ငံခြားသူနဲ့ အိမ်ထောင်ကျတောင် ကျပြီလို့ ပြောမလို့လား"

သမီးကြီးက ရေပုလင်းပြန်ထားရန် ထရင်း တစ်ချက်ရယ်သည်။ ခင်သည် အပြောဦ အပြုံးပါ၏။ ထို့ပြင် မျက်စောင်းပါ ပါလေ၏။ ရေခဲသေတ္တာပြန်ပိတ်ပြီး စားပွဲဆီသို့ ပြန်လာသော သမီးကြီးက

"သြော်... မေမေ့မွေးနေ့မှာ အထူးဧည့်သည် သမီးဖိတ်ထားတယ်"

ခင်သည် နောက်လက်စ စကားကို ဖြတ်ချင်ဟန်မတူ။ မြေးနှင့်

mgyoe.com

mgyoe.com



ယှဉ်လျက် ကုလားထိုင်တွင် ခင် ဝင်ထိုင်ပြီး...

"သမီးဖေဖေရဲ့ ချစ်ချစ်လား။ မရှိတော့ဘူးကွဲ့။ ဆုံးသွားပြီ"

ကျွန်တော် အပြုံးရခက်၊ အရယ်ရခက်သွားလေသည်။

"သမီးသိပါတယ် မေမေရဲ့။ ဖေဖေ့ချစ်ချစ်ရဲ့ သမီး။ အခု လာလည်မယ့် အထူးဧည့်သည်။ သူ့အမေနဲ့ တော်တော့်ကိုဆင်တယ်။ သူက အရုပ်မြင့်တာပဲကွာတယ်"

အဟန့်ရအခက်၊ အတားရအခက်။ ကျွန်တော့်ကို ခင်ကြည့်ကာ ပြုံးနေသဖြင့် ကော်ဖီပူပူကိုသာ ကျွန်တော် မှုတ်သောက်နေလိုက်၏။ သမီးကြီးသည် ကျွန်တော်၏အကြောင်းတွေကို ဘယ်လိုသိပါလိမ့်ဟု တွေးမိ၏။

ခင်ပြောပြ၍သာ သိခြင်းဖြစ်နိုင်သည်။

"ချစ်ချစ်ရဲ့ ဓာတ်ပုံတွေ မေမေကူးပြီး သိမ်းပေးထားသေးတယ်။ ရှာမတွေ့တော့ဘူး။ ညည်းအဖေ ဖျောက်ဖျက်ပစ်တာပဲ ဖြစ်မယ်။ ချစ်ချစ်ဆုံးပြီး သုံးလေးနှစ်ကြာတော့ စာအုပ်ဗီရိုထဲက ထွက်လာသေးတယ်။ အဲဒီကလေးမကို သူ့မေမေတက္ကသိုလ်ကျောင်းသူဘဝက ဓာတ်ပုံ ပြချင်လိုက်တာ"

ခင်သည် အိမ်ထောင်သက်တမ်းတစ်လျှောက်တွင် ထိုစကားမျိုး တစ်ခါမျှ မပြောဖူးခဲ့။ ကျွန်တော် အံ့အားသင့်ရလေသည်။

"အဲဒီဓာတ်ပုံတွေထဲက မေးကိုလက်ခုံလေးနဲ့ ထောက်နေတဲ့ပုံက အခုအထူးဧည့်သည်နဲ့ သိပ်ကိုတူတာ"

သမီးကြီးပါ ချစ်ချစ်၏ ဓာတ်ပုံတွေကို မြင်ဖူးခဲ့မှန်း အံ့ဩစွာ သိရသည်။ ကျွန်တော်သည် မသိယောင်၊ မကြားယောင်၊ မဆိုင်ယောင် နေရ၏။ သူတို့သားအမိသည် ကျွန်တော် အိုးတိုးအန်းတန်း ဖြစ်နေပါက ပို၍ ကျီစားကြလိမ့်မည်။ မတုံ့ပြန်ခြင်းအားဖြင့် တစ်ဖက်သား၏ နှုတ်ကို

mgyoe.com

mgyoe.com


တနင့်စေသောနည်း ကျွန်တော်သုံးနေ၏။

"အဲဒီဓာတ်ပုံတွေက ညည်းအဖေဘိလပ်ကို ပညာတော်သင်သွားတော့ ပါသွားသေးတယ်"

"ဟုတ်လား"

သမီးကြီး၏ ဟုတ်လား လေယူလေသိမ်းသည် ကျွန်တော့်အဖို့ မခံချိမခံသာ။ "ဟာ... တော်စမ်း။ ဘာတွေလျှောက်ပြောနေတာလဲ။ ပြောနေကြတာလဲ" ဟု ကျွန်တော် အငေါက်ရခက်၏။ ဟုတ်တာဆို နာလိုခံခက်ဟု ခင်က ထပ်၍စဦးမည်။

ထို့ကြောင့် မြေးကို...

"ဘွားဘွားကို မြင်းလှည်းဆွဲခိုင်းကွာ"

လူကြီးတွေ စကားပြောနေသောကြောင့် အာရုံပြတ်သွားသော မြေးသည် ကုလားထိုင်ပေါ်မှ ချက်ချင်းဆင်း၏။ "ဟင့်အင်း။ ဘိုးဘိုးဆွဲတာပဲ စီးကောင်းတယ်" ဟု ကျွန်တော်ထင်သည့်အတိုင်း မြေးက ပြော၏။ ကော်ဖီက ကုန်ခါနီးနေသော်လည်း...

"ကော်ဖီသောက်ပါရစေဦးကွာ"

"မြန်မြန်သောက်။ ခုသောက်"

ကျွန်တော် ကုန်အောင်သောက်နေစဉ်...

"မြေးရေ။ မင်းဘိုးဘိုးကို မြန်မြန်ခေါ်။ နို့မဟုတ်ရင် မင့်ဘိုးဘိုး မျက်နှာက ထမင်းစားခန်းထဲမှာ အထားရခက်နေတယ်။ သကြားပုလင်း ပေါ်တင်ထားရမလိုလို၊ သံပရာရည်ပုလင်း သေတ္တာပေါ် တင်ထားရ မလိုလို၊ မီးဖိုပေါ်ထားရမလိုလို ဖြစ်နေပြီ"

ခင်သည် စကားအဆုံးတွင် ဟက်ဟက်ပက်ပက်ရယ်၏။ ကျွန်တော်က ခွေးမတွေဟု ရယ်မောနောက်ပြောင်ပြီး ထိုင်ရာမှထ၏။ သမီးကြီးသည် မိခင်ကို ကြည့်ကာရယ်နေ၏။ ထိုအခိုက် သမက်ဖြစ်သူ

mgyoe.com

mgyoe.com



က ထမင်းစားခန်းထဲသို့ ခပ်သုတ်သုတ် ဝင်လာလေ၏။

(၂)

ပုတီးစိပ်ပြီးနောက် ဘုရားခန်းထဲမှ ကျွန်တော်ထွက်လာသည်။ အားလုံးအိပ်ပျော်နေကြပေပြီ။ ဘုရားခန်းသို့အဝင် နောက်ကျခဲ့သည်။ ဘုရားရှိခိုးပုတီးစိပ်ပြီးသောအခါ ဆယ်နာရီနှင့်သုံးဆယ့်ငါးမိနစ်ကျော် ပေပြီ။

ဧည့်ခန်းထဲတွင် ကျွန်တော်ထိုင်သည်။ အကြမ်းကရား ကြိမ်ခြင်းကို ဖွင့်သည်။ တရုတ်အကြမ်းပန်းကန်ထဲသို့ လက်ဖက်ရည်ကြမ်း ငှဲ့ထည့် လိုက်သည်။ မှန်တရုတ်ကပ် ပြတင်းတွေဘက်သို့ ကြည့်သည်။ ပတ်ဝန်း ကျင်သည် ညဖြင့် တိတ်ဆိတ်လျက် ရှိ၏။ နေရောင်ကာနှင့် လသာ ဆောင်အောက်ဘက်ရှိ နို့နှစ်ရောင် မီးလုံးလေးတွေ လင်းနေ၏။

ညနေက ခင်တို့သားအမိ ပြောသောစကားတွေက ကျွန်တော့်ဆီမှ ပျောက်မသွားသေး။

ချစ်ချစ်နှင့် ပတ်သက်သောအကြောင်းအရာတို့သည် ကျွန်တော့် ဘဝတွင် လိုက်ပါလာလျက် ရှိနေသေး၏။ ကျွန်တော်သည် ချစ်ချစ်နှင့် ပတ်သက်၍ အရေးနိမ့်ခဲ့ရသောသူ။ ဆုံဆည်းနိုင်ရန် အခွင့်အလမ်း အားလုံးကို ချစ်ချစ်၏မိသားစုက ရုပ်သိမ်းသွားခဲ့ကြသည်။ ချစ်ချစ်သည် ကျွန်တော့်ဘေးမှ၊ ကျွန်တော့်နောက်မှ ယှဉ်၍ ကပ်၍ လိုက်ပါလာခြင်း မရှိခဲ့။ နောက်ကြောင်းသို့ ခြေဦးလှည့်သွားခြင်းမျိုး မဟုတ်။ သူနှင့် ကျွန်တော် အတူလျှောက်နေရာမှ တုံ့ခနဲ ခြေစုံရပ်ခဲ့ခြင်း ဖြစ်လေသည်။

တစ်လောတုန်းက သူငယ်ချင်းတစ်ဦး၏ အသက်ခုနစ်ဆယ့် ငါးနှစ်ပြည့် မွေးနေ့အလှူတွင် ကျောင်းနေဖက်တွေ၊ သိဟောင်းကျွမ်း ဟောင်းတွေနှင့် နေကုန်တွေ့ဆုံ စကားပြောခဲ့ကြသည်။ အမယ်ကြီးတွေ

mgyoe.com

mgyoe.com


ငါတို့ဝိုင်းထဲ ကန့်လန့်ကန့်လန့် ပါနေမှာစိုးလို့ သူတို့ကို လက်ဖက်သုပ်ဝိုင်းသီးသန့် သွားတည်ပေးထားတာဟု အိမ်ရှင်သူငယ်ချင်းက ပြောသည်။ မနက်ပိုင်း ထမင်းစားချိန်လောက်တွင် အသက်ရှစ်ဆယ်ကျော်ပြီဖြစ်သော ကျွန်တော်တို့၏ဆရာ ရောက်လာသည်။

ကိုယ်လုံးလှပ်၊ ခြေရွေ့ နှေးသွားသည်မှအပ ကျန်းမာရေးကောင်းသောဆရာသည် ကျွန်တော်တို့ကို ရယ်မောပျော်ရွှင်စွာ ပြောဆိုသည်။ ဆရာသည် မှတ်ဉာဏ်စိုးစဉ်းမျှသာ လျော့သေး၏။ ဆရာနည်းပြဆရာဘဝတွင် ကျွန်တော်သည် ရန်ကုန်တက္ကသိုလ်သို့ ရောက်၏။ ပဲခူးဆောင်တွင် အဆောင်နည်းပြတာဝန်ကို ဆရာထမ်းဆောင်ခဲ့သည်။ ကျွန်တော်သည် ပဲခူးဆောင်သား။

တက္ကသိုလ်ကျောင်းတိုက်သို့ ရောက်သည့်နှစ်တွင် ကျွန်တော်နှင့် ချစ်ချစ်၏ဇာတ်လမ်းစခဲ့သည်။ အဆောင်သဟာယအသင်း အတွင်းရေးမှူး ကျွန်တော်နှင့် ခရိုင်အသင်း အတွင်းရေးမှူးချစ်ချစ်တို့၏ ဇာတ်လမ်းကို ဆရာလည်း သိသူတစ်ယောက်။

ဘီအေအထက်တန်းသို့ ကျွန်တော် တက်သည့်နှစ်တွင် ချစ်ချစ်၏ အစ်ကိုက တွေ့ချင်သည်ဟု ချစ်ချစ်ပြော၏။ ချစ်ချစ်၏အစ်ကိုသည် ဂျပ်ဆင်ကောလိပ်တွင် စာပြနေသော ကထိက။ ကျွန်တော့်ထက် ဆယ့်ငါးနှစ်မက အသက်ကြီးသည်။

တစ်နေ့တွင် ချစ်ချစ်၏ အစ်ကိုထံသို့ ကျွန်တော်သွားတွေ့၏။

ပျုပျုငှာငှာ ခရီးဦးကြိုပြုသည်။ လေယူလေသိမ်း နူးညံ့သည်။ အသံတိုးကာ အမြဲတမ်း ပြုံးလျက်ရှိသည်။ ကျွန်တော်နှင့် စကားလက်ဆုံကျခဲ့သည်။ ကျွန်တော့်ကို နှစ်သက်လိုလားဟန်ရှိသည်ဟု နားလည်ခဲ့သည်။ သူသည် အင်္ဂလိပ်လိုသာ မေးမြန်းပြောဆိုသည်။ ကျွန်တော်က မြန်မာလို ပြောဆိုသည်။ သုံးလေးခေါက်ရောက်ပြီးသောအခါ ကျွန်တော့်

mgyoe.com

mgyoe.com



ဇာတိကို မေး၍ ပြောပြလိုက်သည်။ ရောက်ဖူးတယ်။ မိတ်ဆွေ အင်္ဂလိပ် အရေးပိုင်ခေါ်လို့။ သိပ်သာယာတယ်။ ရေချိုရေငန် ရောတဲ့နေရာပဲ။ ခုကော ကွမ်းခြံတွေ ရှိသေးလား။ ကော့မှူးနဲ့ ထန်းမနိုင်ရွာတွေလည်း သိပ်ပျော်စရာကောင်းတဲ့ ရွာတွေပဲဟု သူ ပြောသည်။ လေးငါးဆယ် ခေါက် ရှိသွားချိန်တွင် ဂုဏ်ထူးတန်းတက်၊ ကြိုးစား၊ ဘိလပ်ကို ပညာ တော်သင်သွားနိုင်အောင် ကြိုးစား၊ ချစ်ချစ်နဲ့ တစ်ချိန်မှာ လက်ထပ်နိုင် ရေးကို မိဘတွေဆီမှာ ပြောပေးမယ်ဟု သူ ပြော၏။

ကျွန်တော့်ဘဝ၏ ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာစကားကို ချစ်ချစ်ကပါ နှစ်ထောင်းအားရရှိခဲ့သည်။

"ခုမှပဲ စိတ်အေးရတော့တယ် ကိုငြိမ်းရယ်"

ချစ်ချစ်သည် ကျွန်တော့်မျက်လုံးကို တစိမ့်စိမ့်ကြည့်ကာ သက်ပြင်း ချပြီး ပြောလေသည်။

"ဖူးစာပါကြတာ ဧကန်ပဲ ချစ်ချစ်။ ဟုတ်တယ်မဟုတ်လား"

"အစ်ကိုကြီးရဲ့စကားဟာ မိမွေ့ဖမွေ့ အကုန်လုံးရလိုက်တာထက် အဆများစွာအဖိုးတန်တာပဲ ကိုငြိမ်း"

ကန်တော်မင်ပန်းခြံထဲမှာ ကျွန်တော်တို့ စကားတွေပြောခဲ့ကြ သည်။ ဘိုင်စကုတ်အတူ ကြည့်ခဲ့ကြသည်။ မဂိုလမ်းမှာ ကီးမားပလာတာ စားရင်း၊ ဖာလူဒါ သောက်ရင်း ရှေ့ရေးစကားတွေ ပြောဆိုတိုင်ပင်ခဲ့ ကြသည်။ ကျွန်တော့်ကို...

"ကိုငြိမ်း ဒီနှစ် စာပိုကြိုးစားနော်။ ဂုဏ်ထူးတန်း သိပ်အရေးကြီး တယ်"

ကျွန်တော် သဘောပေါက်သည်။ ပညာထူးချွန်ရေးသည် ချစ်ချစ် နှင့် ကျွန်တော်တို့၏ နဖူးစာပင်ဖြစ်လေသည်။ ကျွန်တော်၏မိဘသည် တောသူတောင်သား။ လယ်တွေ၊ လှည်းတွေ၊ နွားတွေများစွာ ပိုင်သော်

mgyoe.com

mgyoe.com


လည်း အရာရှိအရာခံများ မဟုတ်ကြ။ ချစ်ချစ်၏မိဘသည် အိန္ဒိယ ပဋိညာဉ်ခံဝန်ထမ်း အရာရှိကြီး။ လခရှစ်ရာစားသော အရာရှိကြီး။ ချစ်ချစ်၏ဘိုးဘွားနှင့် အဆွေအမျိုးတို့သည် ရာထူးကြီး ဂုဏ်ဒြပ်ကြီးသော သူတွေ။ ရန်ကုန်မြို့လယ်ကောင်တွင် စတိုးဆိုင်ကြီးတွေ၊ ကုမ္ပဏီကြီးတွေ ပိုင်ရှင်၊ ဆန်စက်၊ ဆီစက်ပိုင်ရှင်ကြီးတွေ။

"အိမ်မှာ အစ်ကိုကြီးပြီးရင် အကုန်ပြီးတယ်။ အဖေ၊ အမေကအစ ညီအစ်ကိုမောင်နှမတွေအားလုံးကို ယူနီဗာစီတီတက်နိုင်အောင်၊ ဒီဂရီတွေ ဆက်တိုက်ယူနိုင်အောင် အစ်ကိုကြီးက စီမံခန့်ခွဲပေးတာပဲ"

ကျွန်တော် ခေါင်းညိတ်ကာ...

"အစ်ကိုကြီးက ပညာအရမ်းတော်တာပဲနော် ချစ်ချစ်။ အခု အသက်သုံးဆယ့်ငါးဝန်းကျင်မှာပဲ ဒေါက်တာဘွဲ့ရော၊ အခြားဥပဒေဘွဲ့တွေရော၊ ခြောက်ခုတောင်မှ၊ မကြာခင် ပါမောက္ခဖြစ်မှာပဲ"

"ကြိုးစားရင် ဗမာထဲကလည်း အဲဒီဘွဲ့တွေရအောင် ယူနိုင်ပါတယ် ဆိုတဲ့ မခံချင်စိတ်နဲ့ ကြိုးစားတာလေ။ ရှေ့နှစ်ခါလောက်ဆို ကိန်းဗရစ် ယူနီဗာစီတီကို သွားဦးမယ်။ ဘာရစ္စတာ သွားယူဖို့တဲ့။ ကိုငြိမ်းကို ချစ်ချစ် ပြောတာက ကိုယ့်ယောက်ဖလောင်းက ပညာရေးသိပ်လိုက်စားတော့ ကိုငြိမ်း ကြိုးစားပြ။ ပညာထူးချွန်မှ သူ အထင်ကြီးမယ်။ ချစ်ချစ်နဲ့ သဘောပိုတူမယ်။ ဟုတ်တယ် မဟုတ်လား"

"ကိုငြိမ်း သိပါတယ်"

"ကျောင်းစာကို ပိုကျက်နော်။ ကဗျာလည်း ရေးတော့ရေးပေါ့။ ဂုဏ်ထူးတန်းပြီးမှ ရေးရင် ပိုကောင်းမယ်။ တားမယ့်သာ တားရမှာပါ။ ကိုငြိမ်းကဗျာတွေ မရေးမှာလည်းစိုးတယ်။ ချစ်ချစ် မဖတ်ရရင် မနေ နိုင်ဘူး။ တက္ကသိုလ်ကျောင်းတိုက် မဂ္ဂဇင်းထဲက နိုင်ငံရေးကဗျာကျတော့ ဖတ်ရင်း စိတ်ဓာတ်တက်ကြွတယ်။ ဂန္ထလောကထဲက ကဗျာက ချစ်ချစ်ကို

mgyoe.com

mgyoe.com



ရည်ညွှန်းရေးတာလား ကိုငြိမ်း"

ဟုတ်တယ်ဟု ကျွန်တော်ပြောသည်။ ချစ်သူတွေတိုင်း ဖတ်လို့ရတဲ့ ကဗျာပါပဲဟု ချစ်ချစ်ပြောသည်။ တစ်ဆက်တည်းနှင့်...

"အဲဒီကဗျာက မင်းသုဝဏ်ရဲ့လေးချိုးနဲ့ တူတယ်နော်။ ကိုငြိမ်း အတွေးတွေကလည်း ခေတ်စမ်းအတွေးအတိုင်းပဲ"

"ကိုငြိမ်းရဲ့ကဗျာတွေဟာတဲ့၊ ဇော်ဂျီကဗျာတွေလိုလည်း လှတယ်။ မင်းသုဝဏ်ရဲ့ကဗျာတွေလိုလည်း ချိုတယ်"

"ဘယ်သူပြောတာလဲဟင်"

"သိပ္ပံမောင်ဝလေ။ ဆရာဦးစိန်တင်၊ သူလည်းပြောတယ်။ ကိုတိုးအောင်နဲ့ သူငယ်ချင်းတွေလည်း ပြောတယ်"

ချစ်ချစ်သည် ချစ်သူ၏ကဗျာအတွက် ဝမ်းမြောက်ဂုဏ်ယူသော အပြုံး ပြုံးသည်။

## (၃)

ကံကြမ္မာသည် ကျွန်တော့်ကို မျက်နှာသာပေးလေပြီ။ ဂုဏ်ထူးတန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။ ဘိလပ်သို့ ပညာတော်သင် သွားရေးသည် မကြာမီပင် အခွင့်အလမ်းပေါ်နိုင်စရာ ရှိပေပြီ။ တက္ကသိုလ်ကျောင်းတိုက်မှာပင် နည်းပြဆရာအလုပ်ကို ရခဲ့ပေပြီ။ ချစ်ချစ်နှင့် ကျွန်တော်၏ ရှေ့ခရီးသည် မချောမွေ့စရာအကြောင်းမရှိ။ ကျွန်တော်သည် စာပေပရိယတ္တိကို လေ့လာလိုက်စားနိုင်ရန် အခွင့်ရခဲ့ပေပြီ။

ဘဝတွင် ပျော်ရွှင်သာယာသောအချိန်။

ကဗျာလောက၊ စာလောကတွင် အမည်ကောင်းတစ်ခု ရလာခဲ့ပေပြီ။

ထိုအချိန်တွင် သူငယ်ချင်းတစ်ဦးက...

mgyoe.com

mgyoe.com


"အိုင်ဆေး... ကိုငြိမ်း... ခင်ဗျားမဒီအိမ်ကို ကျူတာပေါက်စ တစ်ယောက် အဝင်အထွက် တော်တော်စိပ်နေတယ်"

"ဘယ်သူလဲဗျ"

"ကိုဘဦးတဲ့"

ကျွန်တော် မြင်ဖူးသောသူ။ သူငယ်ချင်းက ဒန်ဟေးဆေးတံကို မီးညှိရင်း...

"လူချမ်းသာထဲကဗျ။ ခင်ဗျားယောက်ဖလောင်းနဲ့လည်း ခင်တယ်။ တစ်လောတုန်းက သူ့အော်စတင်ကားပေါ်မှာ ချစ်ချစ်တို့မောင်နှမကို သမဂ္ဂရှေ့မှာ တွေ့လိုက်ရတယ် ကိုယ့်လူ"

စိုးရိမ်ဝန်တိုစိတ်တွေ ကျွန်တော့်တွင် မဖြစ်။ ချစ်ချစ်၏သစ္စာကတိတွေကို ကျွန်တော်ယုံကြည်သည်။ ရွှေတိဂုံဘုရား၊ ဆူးလေနှင့် ဗိုလ်တထောင်ဘုရားတို့ကို ဖူးစဉ် သစ္စာတိုင်ခဲ့သည်ဟု ချစ်ချစ် ပြောခဲ့သည်။ ချစ်ချစ်သည် ကျွန်တော်မှတစ်ပါး အခြားမည်သူကိုမျှ မေတ္တာ သက်ဝင်နိုင်မည် မဟုတ်ဟု ဧကန်ယူဆထားပြီးသား။

"ကျုန်ရစ်မင်းသား ဖြစ်နေဦးမယ်နော်"

ကျွန်တော့်ကို သတိပေးသူ ပေးကြသည်။

"သူ့အစ်ကိုကလည်း ကိုဘဦးဘက် ခပ်ပါပါ ထင်ရတာ"

စိုးရိမ်တကြီးဆိုသူက ဆိုကြသည်။ ကျွန်တော်သည် ချစ်ချစ်နှင့် တွေ့ဆုံခဲ့သော်လည်း မမေးမိ။ ချစ်ချစ်သည်လည်းကောင်း၊ ကျွန်တော် သည်လည်းကောင်း ကျောင်းသူကျောင်းသား မဟုတ်ကြတော့ပြီ။ ဆရာတွေ၊ ဆရာမတွေ ဖြစ်နေကြသဖြင့် အစစဆင်ခြင်ရသည်။ ကျောင်းသူကျောင်းသားတွေ၊ ဆရာဆရာမတွေရှေ့တွင် ပြုံးရယ်ကြည်နူးသော မျက်နှာနေ၊ မျက်နှာကဲကိုပင် ထိန်းချုပ်ရသည်။ ချစ်ချစ်၏ အစ်ကို့ဌာနသို့ပင် မရောက်ဖြစ်။ ဌာန၏တာဝန်တွေထဲတွင် ကျွန်တော့်ကဗျာကိစ္စ၊

mgyoe.com

mgyoe.com



စာကိစ္စထဲတွင် နစ်နေခဲ့သည်။

(၄)

ချစ်ချစ်၏မျက်နှာသည် ညှိုးညှိုးငယ်ငယ်။ နေမကောင်းဘူးလား ချစ်ချစ်။ မျက်နှာလည်း မကောင်းပါလားဟု ကျွန်တော်မေးသည်။ ဟုတ်တယ်။ ခေါင်းနည်းနည်းအုံနေလို့။ မနေ့ကညနေပိုင်းမှာ ခေါင်း လျှော်မိလိုက်လို့နဲ့ တူပါတယ်ဟု ချစ်ချစ်ဖြေသည်။ ကျွန်တော်နှင့်ချစ်ချစ် သည် စကားတွေ စည်စည်ပင်ပင် မပြောဖြစ်ကြ။

ရင်ထဲကမူ ကျွန်တော်သည် စကားများစွာ ပြောမိ၏။ မေးမိ၏။

ချစ်ချစ်ကို သူလည်း ပိုးပန်းတုန်း။ ကျွန်တော်လည်း လူပျိုလှည့် တုန်းပဲ။ ဘယ်သူနဲ့သဘောတူမယ် မတူဘူးဆိုတာ စောင့်ကြည့်ရုံပေါ့။ ချစ်ချစ်ရဲ့မေတ္တာပန်းကို ဘယ်သူဆင်မြန်းရမယ်ဆိုတာ ဖူးစာနတ် မြားနတ်မောင်ပဲ သိမပေါ့ဗျာဟု ကိုဘဦးက ကျွန်တော့်သူငယ်ချင်း ကဗျာ ဆရာကို ပြောသည်။ သူ့အစ်ကို၊ သူ့မိဘတွေက အိမ်အဝင်အထွက် တံခါးမရှိ၊ ဓားမရှိ အခွင့်ပေးထားတာဟု ကျွန်တော့်မိတ်ဆွေ သူရိယ အယ်ဒီတာတစ်ယောက်ကို ကိုဘဦးက ပြောသည်။

ကျွန်တော့်နားနှစ်ဖက်၌ပင်လျှင် ထိုသို့သော သတင်းစကားတွေ လျှံပြီဆိုလျှင် ချစ်ချစ်သည် တစ်ခွန်းလောက်တော့ ကြားတန်ကောင်း၏။ ကြားစရာ အကြောင်းရှိသည်။ ချစ်ချစ်၏အစ်မတစ်ယောက်သည် ကိုဘဦးနှင့် အလွန်တရာ ရင်းနှီးသည်။ ထိုအစ်မကို အကြောင်းပြုကာ ချစ်ချစ်ထံပါးသို့ ကိုဘဦးချဉ်းကပ်ခဲ့ခြင်းဖြစ်၏။

"ကိုငြိမ်း ခုတစ်လော ချစ်ချစ်နဲ့ပတ်သက်လို့ ဘာသံညာသံ ကြားမှာပေါ့နော်"

သူ စိတ်ဆင်းရဲမည်စိုးသဖြင့် ကျွန်တော် မမေးမစစ်ခဲ့။ သို့ရာတွင်

mgyoe.com

mgyoe.com


ချစ်ချစ်သည် နှစ်ဦးကြားရှိ သင်္ကာမကင်း ဖြစ်နိုင်သမျှကို ချေဖျက်လိုပုံ ရ၏။

"ဘာနဲ့ပတ်သက်လို့ပါလိမ့် ချစ်ချစ်"

တွေဝေငေးငိုင်လျက်နေပြီး ခဏကြာမှ...

"အိမ်ကို ကိုဘဦး ဝင်ထွက်တာနဲ့ ပတ်သက်လို့"

ကျွန်တော်က ခပ်မဆိတ်နေလိုက်သည်။ ချစ်ချစ်သည် ဘလေဇာကုတ် ပခုံးပေါ်သို့ ကျလာသော နှင်းစက်တွေကို လက်ခလယ်ဖြင့် တောက်ရင်း...

"သူ ချစ်ချစ်ကို ပိုးနေတယ်"

"ချစ်ချစ်မှာ ကိုငြိမ်းရှိနေတာ မသိရင်တော့ ပိုးမှာပေါ့"

အပြစ်တင်တစ်ဝက်ပါမှန်း သူသိသည်။ ကျွန်တော့်ကို နွမ်းလျစွာ ပြုံး၍ကြည့်ကာ...

"မပြောဘဲ နေပါ့မလား ကိုငြိမ်းရယ်"

"သိရဲ့သားနဲ့ဆိုရင် ကိုဘဦးမှာ အပြစ်ရှိတာပေါ့"

"သူက သူ့ကို မလိုလားလို့ လီဆယ်ပြီး ရည်းစားရှိတယ်လို့ ချစ်ချစ်က ညာတာတဲ့"

"သူ မယုံဘူးလား"

"အဲဒီသဘောပဲ ကိုငြိမ်း"

"ကိုငြိမ်း သူနဲ့တွေ့ပြီး ပြောပြလိုက်မယ်လေ"

ချစ်ချစ်ခေါင်းခါ၏။ ထို့နောက်...

"အကျယ်အကျယ် မငြိမ်းဖွယ်တွေ ဖြစ်ကုန်ပါဦးမယ် ကိုငြိမ်းရယ်။ အစ်ကိုကြီး ဂုဏ်သိက္ခာ၊ အစ်မတွေ မျက်နှာရှိသေးတယ်လေ။ မဟုတ်ဘူးလား။ ယောကျ်ားကလေးချင်းဆိုတော့ စကားက များချင်များမယ်။ ကိုဘဦး ရှက်ရမ်းရမ်းရင် ကိုငြိမ်းက ရသေ့ရဟန်းမဟုတ်ဘူး။ မခံချင်

mgyoe.com

mgyoe.com



စိတ်နဲ့ အချင်းများနိုင်တာ စဉ်းစားပါ ကိုငြိမ်းရယ်"

ကျွန်တော်သည် သူ့ သဘောမကျသည်ကို ဖွင့်မပြလို။ ထို့ကြောင့် ခေါင်းညိတ်လိုက်ရ၏။

"ချစ်ချစ် မပါရင် ပြီးတာပဲမဟုတ်လား"

ရင်ထဲမှာ စူးရှသကဲ့သို့ ခံစားရ၍ ကျွန်တော် ပြောမေးမေး၏။

"မေးရက်ပလေ... ကိုငြိမ်းရယ်။ ဟောဒီချစ်ချစ်ဆိုတဲ့ မိန်းကလေးဟာ ကိုငြိမ်းကလွဲရင် ဖွဲ၊ ဆန်ကွဲချည်း မှတ်ပါ။ အသက်သာ အသေခံမယ်သိလား။ တစ်ယောက်ဆိုတစ်ယောက် မေတ္တာရှိတဲ့ ချစ်ချစ် ပါနော်။ ကံမကောင်း အကြောင်းမလှလို့... ဖွဟဲ့။ လွဲစေ ဖယ်စေ... လွဲရပြီဆိုရင် ချစ်ချစ်လေ ယောဂီဝတ်သွားမယ်။ စစ်ကိုင်းတောင်မှာ ယောဂီဘဝနဲ့ အရိုးချမယ် ကိုငြိမ်း"

ဝမ်းပန်းတနည်း ပြောပြန်တော့ ကျွန်တော် စိတ်မကောင်းဖြစ်ရ၏။

## (၅)

မြားနတ်မောင် သူလာဘ်စားသဖြင့် ကျွန်တော့်မေတ္တာဇာတာ နိမ့်ခဲ့ရချေပြီ။ ကိုဘဦးနှင့်ချစ်ချစ်တို့၏ စုလျားရစ်ပတ်လက်ထပ်သော နေ့တွင် ကျွန်တော့်မှာ သည်းအူပိုင်းပိုင်းပြတ်မျှ ခံစားခဲ့ရသည်။

"တရားနဲ့ဖြေပေတော့ ကိုငြိမ်းရေ။ ဒီအနာဟာ ကုရာနတ္ထိ ဆေးမရှိလို့ ဆိုရိုးရှိပေမဲ့ ခင်ဗျားလည်း ပညာရှိတဲ့သူပဲ။ ချစ်သူနဲ့ ကွေကွင်းခြင်း၊ မချစ်သူနဲ့ပေါင်းဖက်ရခြင်းဆိုတဲ့ လောကဓံနယ်ထဲကကိုး"

ကဗျာဆရာတစ်ဦးက သံဝေဂသံဖြင့် ဖြေဆေးပေးသည်။

"ဒါတွေ မေ့ပစ်တော့ ကိုငြိမ်းရာ။ ခင်ဗျားစိတ်ကို တိုင်းချစ်၊ ပြည်ချစ် စိတ်ထဲမှာပဲ ဆက်ပြီးထား။ ပွားအောင်လုပ်၊ တိုင်းပြည်ကြီး ကျွန်တွင်းနစ်နေတာ လွတ်လပ်အောင် ခင်ဗျားကလောင်နဲ့ ပါလက်စအတိုင်း ဆက်ပါ။

mgyoe.com

mgyoe.com


သေသောသူတောင် ကြာရင်မေ့ရသေးတာပဲ။ အခန်းအောင်းမနေနဲ့။ ကျုပ်တို့ သတင်းစာတိုက် လာ,လာလည်ဗျာ”

နိုင်ငံရေးသမား သတင်းစာဆရာက အားပေးသည်။

“ခင်ဗျားလည်း ဆရာလင်းတို့၊ ဆရာဖြေတို့ဆီ စာတွေတက်ခဲ့တာပဲ။ မဃဒေဝလင်္ကာသစ်ကြီးတစ်ခုလုံး ညက်အောင်စာတက်ခဲ့ဖူးတာပဲ။ မိန်းမသဘာဝဆိုတာ ဒီအတိုင်းပေါ့ဗျာ။ ငါးစိမ်းမြင် ငါးကင်ပစ်။ အရေးကြီးတာက ကိုယ့်လူ ကံကောင်းတာပဲ။ ခုနေ သူက ခိုးပါလှည့်ဆိုလို့ ခိုးမိ။ ရနေပြီ မိန်းမ။ လန်ဒန်ကို ပညာတော်သင်သွားရမယ့်ဆဲဆဲ ခုလိုအချိန် ပူရပြီ မယားအတွက်။ ခု လူပျိုဘဝ... ဘိလပ်သူယူပြီး ပြည်တော်ပြန်ခဲ့”

ဝတ္ထုရေးဆရာ သူငယ်ချင်းက နှစ်သိမ့်၏။

“ဟော့... မောင်ငြိမ်း။ မင်းဂန္ထလောကထဲမှာ ရေးလိုက်တဲ့ ဝတ္ထုတိုက တယ်ကောင်းပါလား။ ဆရာ သေသေချာချာ ဖတ်တာဗျ။ မင်းအကြောင်းပဲ။ ဒါပေမဲ့ ဓမ္မဓိဋ္ဌာန်ကျတယ်။ ယူနီဗာစီတီတစ်ခုလုံးက အတွင်းရေးသိကြတော့ ပိုကြိုက်တာပေါ့။ ‘ယမင်းရုပ်လေး မပေးတော့ဘူးလားခင်ဗျာ’ တဲ့။ ခေါင်းစဉ်ကလည်း ဆီလျော်တာပဲ”

ဆရာက ကျွန်တော့်ကို ပြောသည်။ ဈေးကြီးပေး၍ ဝယ်သွားသူကို ယမင်းရုပ် ရောင်းချလိုက်သောကြောင့် မရလိုက်ရရှာသူ ဘုန်းကြီးကျောင်းသားလေး၏ဒုက္ခကိုဖွဲ့သော ဝတ္ထု။ လိုတာမရ၍ ဆင်းရဲခြင်းကိုဖွဲ့သော ဝတ္ထု။ ဖတ်ပြီးတော့ မျက်ရည်ကျရတယ်ဟု ပြောကြသော ဝတ္ထုတို။

အောက်စ်ဖို့ဒ် တက္ကသိုလ်ကြီးသို့ ကျွန်တော် ပညာတော်သင်သွားစဉ် ယူသွားသောပစ္စည်းပစ္စယ မများလှ။ အမေတို့၊ အဖေတို့ ဓာတ်ပုံ၊ ချစ်ချစ်၏ ဓာတ်ပုံတွေ။ ခေတ်စမ်းကဗျာစာအုပ်နှင့် ထိုဝတ္ထုတိုပါရာ မဂ္ဂဇင်း။

ပင်လယ်ကို မြင်ကာမှ အလွမ်းနယ်ပို၍ ကျယ်ခဲ့ရသည်။

mgyoe.com

mgyoe.com


# (၆)

ဥရောပတိုက်တွင် စစ်ရေးတပြင်ပြင် လက်နက်တငင်ငင် ဖြစ်စပြုသော ဒုတိယစစ်ကြီး အရိပ်သန်းချိန်ကျမှ ကျွန်တော် ပြန်ရောက်လာသည်။ မဟာဝိဇ္ဇာဘွဲ့ကို အဖေ၊ အမေ ဝမ်းသာအောင် သွားရောက်ကြိုးစား ယူငင်လာခဲ့ရသကဲ့သို့သာ ဖြစ်၏။ ရန်ကုန်ဆိပ်ကမ်းဆီသို့ ဦးတည်ခုတ်မောင်းနေသော သင်္ဘောကြီးပေါ်မှ ရွှေတိဂုံစေတီတော်ကြီးကို စတင်ဖူးမြော်လိုက်ရချိန်၌ သစ္စာတိုင်ခဲ့သူကို မြင်ယောင်လာသည်။

ဘိလပ်မှ ပညာတော်သင် ပြန်လာပြီးလျှင် ချစ်ချစ်နှင့် အကြောင်းဆက် ပေါင်းဖက်ရေးကို ပြောဆိုစီမံပေးမည်ဟု ပြောခဲ့သူ၏ အသံကို ကြားယောင်သည်။ ပညာတော်သင် မသွားရမီတွင်ပင် သစ်အစိမ်း၊ ဝါးအစိမ်း ချိုးသကဲ့သို့ ထိုမောင်နှမ အကြံတူ၊ ဉာဏ်တူ ပူးပေါင်းကာ ချိုးဖဲ့ရက်သည်။ ကျွန်တော် စိတ်နာခဲ့ရလေပြီ။ ဝမ်းနည်းမဆုံး ဖြစ်ရချေပြီ။

ချစ်ချစ်၏ သဘောထားကို ထိုအချိန်က သိချင်လှပါဘိသည်။

ချစ်ချစ်ကိုယ်နှိုက်က အလိုတူ၏ မတူ၏ ကြားချင်လှပါဘိသည်။

ကြားဖို့၊ သိဖို့၊ ဝေးစွ။ ချစ်ချစ်၏မျက်နှာလေးကိုသော်မျှ မမြင်ခဲ့ရ။

# (၇)

ခင်နှင့်ကျွန်တော်သည် လူကြီးမိဘ ပေးစားခဲ့သည် မဟုတ်။ လူကြီးစုံရာရှေ့တွင် တောင်းရမ်းယူပါဟု ခင် ဆိုသဖြင့် မိသားဖသားပီပီ တောင်းရမ်းယူခဲ့သည်။ ကျွန်တော်နှင့်ခင် မေတ္တာတူမျှ နားလည်ကြသည်။ ကျွန်တော့်အကြောင်းစုံကို ခင်သိထားပြီးသား ဖြစ်လေသည်။ ဘီအေအထက်တန်းကျောင်းသူဘဝတွင် ခင်သည် ကျွန်တော့်ဇာတ်လမ်းကို သိခဲ့သည်။ ကျွန်တော့်ယမင်းရုပ်ဝတ္ထုတိုကိုဖတ်ကာ ကရုဏာသက်ရာမှ မေတ္တာထားခဲ့သည်ဟု သားဦး၏မီးထွက်နေ့တွင်မှ ခင်က

mgyoe.com

mgyoe.com


ပြောပြခဲ့သည်။

"အဖ။ ဘုရားသခင်ဟာ သင့်လျော်တဲ့သူချင်းကိုသာ အကြွင်းလင်မယားအနေနဲ့ ထမ်းပိုးတော်တင်ပေးတာပဲ သူငယ်ချင်း"

အသက်လေးဆယ်ပြည့် မွေးနေ့သို့လာသော သူငယ်ချင်းသံအမတ်ကြီးက ကျွန်တော့်ကို ရယ်မောပြောဆိုလေသည်။ ဟုတ်မှန်ကြောင်း ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ ခင်သည် ဇနီးကောင်း ပီသသောသူ။ မိခင်ကောင်း ပီသသောသူ။ အစစအရာရာတွင် အပြစ်ဆိုဖွယ်မရှိ။ ထို့ကြောင့် ကျွန်တော်သည် မိမိ၏အတိတ်နှင့် စပ်လျဉ်း၍ ခင့်ကို အားနာနေမိသည်။ ထုတ်ဖော်၍ကား မပြောဖြစ်ခဲ့။

## (၈)

အငြိမ်းစားယူမည့်နှစ်တွင် ဆရာထံသို့ ကျွန်တော်သွား၍ကန်တော့သည်။ ရုပ်ရည်ကာယအားဖြင့် အိုမင်းလာသောဆရာသည် အပြုံးတွေ၊ အကြည့်တွေ၌ နုပျိုလန်းဆန်းလျက်ပင် ရှိသည်။ ကလေးတုန်းက ကလေးလို ပျော်တယ်။ လူငယ်၊ လူလတ်၊ လူကြီးဘဝမှာလည်းပျော်အောင်နေ ပျော်တာပဲ။ ခု... လူအို၊ လူမင်း နေပျော်တာပဲဟု ဆရာပြောလေ့ရှိသည်။ စိတ်ဓာတ်အရာ၌ အိုမင်းရင့်ရော်ခြင်း အလျှင်းမရှိသောဆရာ။ စာတွေ ဖတ်မြဲဖတ်၏။ စာတွေ ရေးမြဲရေး၏။ တပည့်တွေလာလည်လျှင် နေ့လယ်တစ်ရေးအိပ်သည်ကိုပင် ဖျက်သော ဆရာ။ ကျွန်တော်နှင့် ရှေးဖြစ်၊ ခုဖြစ်တွေ ပြောကာ ရယ်ရယ်မောမော နေသည်။

"တစ်လောက မင်း,သမီး လာလည်သွားသေးတယ်။ သူတို့ကြီးတော်ဆီက သရက်သီးစိမ်းသနပ်တစ်ပုလင်း တောင်းယူသွားသေးသကွာ"

ကျွန်တော်က ဘယ်သမီးမှန်း မသဲကွဲ၍...

mgyoe.com

mgyoe.com



"ဘယ်သူလဲ ဆရာ"

"ဟိုလေကွာ... ကောလိပ်ရောက်စက ငါ့ဆီလာပြီး ဘကြီးရေးတဲ့ ဂန္ထလောကထဲက အဖေရေးတဲ့ ယမင်းရုပ်ဝတ္ထုတိုက တကယ်လား၊ ဘာလား မေးတဲ့သူလေ"

"သမီးကြီး ဆရာ"

ကျွန်တော့်သားတွေ၊ သမီးတွေ အားလုံးက ကျွန်တော့်ဆရာ၊ ကျွန်တော့်သူငယ်ချင်း မိတ်ဆွေတွေနှင့် ဆွေမျိုးသားချင်းကဲ့သို့ နေကြသည်။ ကျွန်တော်နှင့် ပတ်သက်၍ ကြားဖူးနားဝတွေကို အတည်ပြုရန် မကြာခဏ အလည်အပတ်သွားနေကြရော့လားဟု ထင်ပင်ထင်ချင်၏။

"ဒီခေတ်ကလေးတွေက အရာရာ တယ်သိချင်ကြတာပဲနော် မောင်ငြိမ်း"

ဆရာသည် တက်လူတွေကို သတိဝီရိယဖြင့် စောင့်ကြည့် အကဲခတ်နေပုံရ၏။ ဟုတ်ကဲ့ဟု ကျွန်တော် ဖြေပြီးသည်တွင်...

"အမြင်လည်း တော်တော်ကျယ်ကြတယ်။ မျက်စိပို့ပွင့်မှာပေါ့လေ။ စာနယ်ဇင်းတွေကလည်း များလာ၊ နိုင်ငံခြားစာအုပ်စာတမ်းတွေကလည်း ဟိုမှာဒီနေ့ထွက် နောက်နေ့ဒီရောက်လာ၊ ဒစ္စကိုသိချင်း ဟိုမှာပေါ် ဒီမှာ ချက်ချင်းအခွေရောက်။ လေယာဉ်ပျံချိန်ပဲ နောက်ကျတာ။ လေးနက်တာ ကျလည်း ဒီကလေးတွေ လေးနက်တယ်။ တချို့ကိစ္စကျတော့ သဘော ထားကြီးတယ် ပြောမလား။ ပမာဏ မပြုတာလား မသိဘူး။ ခပ်ဆန်း ဆန်းကွ"

"ဟုတ်ပါတယ် ဆရာ"

"ချစ်ရေး၊ ကြိုက်ရေးကိစ္စကို အလေးအနက်သဘောတော့ ထား တယ်။ ရေးကြီးခွင့်ကျယ်တော့ စန်းမတင်ဘူး။ ပညာကိစ္စ၊ စားဝတ်နေရေး၊ တိုင်းရေးပြည်ရေးကျတော့ အတော့်ကို ရှေ့တန်းထားကြတာ။ နားလည်ရ

mgyoe.com

mgyoe.com


ခက်တာတွေလည်း ရှိသပေါ့ကွာ။ ခြုံလိုက်ရင် အားရစရာကွ"

ကျွန်တော်သည် ဆရာ့သုံးသပ်ချက်ကို နားထောင်ရင်း သားတွေ၊ သမီးတွေ၏ အမူအကျင့်၊ စရိုက်လက္ခဏာတွေကို ပြန်လည် ဆန်းစစ်ကြည့်ဖြစ်ပြန်သည်။

## (၉)

ခင်၏ ခုနစ်ဆယ့်ငါးနှစ်မြောက်မွေးနေ့ နီးလာပေပြီ။ ခြောက်ရက်မျှသာ လိုတော့သည်။ လေးရက်လိုသောနေ့တွင် သားငယ်သည် ဘန်ကောက်မှာ အားရအောင် လည်ပြီးမှ ပြန်ရောက်လာ၏။ သားကြီးသည် သုံးရက်အလိုတွင် ဇနီးသည်ကိုပါခေါ်ကာ ရန်ကုန်သို့ဆင်းလာ၏။ မြစ်ဝကျွန်းပေါ်ဒေသကောလိပ်တွင် ဆရာမဖြစ်နေသူ သမီးငယ်က နှစ်ရက်အလိုတွင် ရောက်လာ၏။ သားသမီးတွေ၊ သမက်၊ ချွေးမတွေ၊ မြေးတွေနှင့် ပွဲတော်လေးကဲ့သို့ ဖြစ်နေ၏။

ခင်နှင့်ကျွန်တော်သည် ဧည့်ခန်းထဲတွင်ထိုင်ကာ မြေးတွေနှင့် စကားစမြည် ပြောနေစဉ် တယ်လီဖုန်း မြည်လာ၏။ သမီးငယ်က ဖုန်းကို ပြေးကိုင်၏။ "အမိန့်ရှိပါရှင်။ ဘယ်သူပါလဲ" ဟုမေးသည်။ တစ်ဖက်မှ မည်သူဟု ဖြေသည်မသိရ။ "ဟုတ်လား။ မမကြီးပြောပြလို့ လာလည်မယ် ကြားရတယ်။ မြင်တော့ မြင်ဖူးနေကြတာပဲ။ မိတ်ဆက်ပေးမယ့်သူမရှိလို့ မသိခဲ့ရတာပါ မမရဲ့။ ကိုကိုကြီးတို့၊ ကိုကိုလေးတို့ကို မမကြီးပြောပြပြီးပြီ။ မမရဲ့အစ်ကိုနဲ့ ကျွန်မတို့ အစ်ကိုကြီးနဲ့က အလွတ်ပညာသင်ကျောင်းမှာ တစ်ခုံတည်း သင်ခဲ့ကြတဲ့ သူငယ်ချင်းတွေတဲ့။ ကောင်းတာပေါ့။ အဲဒီ အစ်ကိုပါ မွေးနေ့ပွဲလိုက်လာရင် ပျော်စရာကြီးပေါ့ မမရယ်။ ကိစ္စမရှိပါဘူး။ နှစ်ဆွေးက ကိစ္စတွေ။ စပ်ရင်တော်တဲ့ ညီအစ်ကို၊ ညီအစ်မတွေဆုံတဲ့ပွဲပဲ မှတ်ပေါ့ မမရယ်" ဟု နှုတ်သွက်လျှာသွက်ပြောရင်း ကျွန်တော်

mgyoe.com

mgyoe.com



ဆီသို့ ကြည့်၏။

ဖုန်းချလိုက်ပြီးနောက် သမီးငယ်က...

"အဖေ... ဒေါ်ချစ်ချစ်ရဲ့ သားကြီးပါ။ မြန်မာပြည်ပြန်ရောက်နေလို့ အမေ့မွေးနေ့ကျရင် လာလည်မယ်တဲ့။ သူက ကိုကိုကြီးနဲ့ သူငယ်ချင်းလေ"

သားကြီး နှုတ်လုံပေစွ။ သူ့ ဆယ်တန်းတုန်းက သူငယ်ချင်းဟု သမီးငယ် ဖြည့်စွက်၏။ ကျွန်တော် မပွင့်တပွင့်ပြုံးသည်။

"အခု သမီးတို့ ဖုန်းပြောနေတော့ အဲဒီအစ်ကို အနားမှာရှိတယ်။ ရှေးဟောင်းဓာတ်ဆွေးထဲက ငါတို့အဖေနဲ့အမေကတော့ အုတ်ဂူထဲမှာ ဆွေးမြည့်သွားပြီတဲ့။ အမေသိမ်းထားခဲ့တဲ့ ရည်းစားစာနဲ့ ဓာတ်ပုံတွေတော့ ရှိသေးတယ်တဲ့။ ငါ့သူငယ်ချင်းနဲ့တွေ့မှ မင်းအဖေ ငယ်ငယ်က ငါ့ အမေကို ပေးထားတဲ့စာတွေ၊ ဓာတ်ပုံတွေ၊ ဖတ်ချင်၊ ကြည့်ချင်ရင် ဒင်ပယ်စကော့ဝီစကီ ပုလင်းတစ်ပုလင်းနဲ့ လဲမယ်လို့ ပြောလိုက်တဲ့"

ကျွန်တော့်သွေးတွေ ပူလာသည်ဟု အောက်မေ့၏။ ခင့်ကို မျက်နှာပူ အားနာသည်။ ခင် ရိပ်မိ၏။ "ဟဲ့... သမီးတို့ကလည်း ဖအေကို ရွှတ်ဟယ်၊ နောက်ဟယ်နဲ့။ သွားစမ်း။ မီးဖိုပေါ်မှာ နွားနို့အိုး တည်ထားခဲ့တာ။ ဝေကျကုန်မယ်ဟု မျက်နှာတည်တည်ထားပြီး ဆူလွှတ်၏။

ခင်သည် ကျွန်တော့်ဘေးမှာ ဆက်၍ ထိုင်ရခက်ဟန်တူသည်။ ဘုရားခန်းဆီသို့ ထသွား၏။ သောက်တော်ရေဖန်ခွက်လေးတွေ တင်ထားရာ သံမဏိဗန်းကို ယူပြီးထွက်လာ၏။ ဖန်ခွက်နှင့် ဗန်းကို ဆေးကြောသန့်စင်ရန် ထိုင်ရာမှထသွားခြင်းပါဟု အဓိပ္ပာယ်ရှိစေသော အပြုအမူ။

## (၁၀)

## ကျွန်တော်နှင့် ကျွန်တော့်မိတ်ဆွေသုံးလေးဦး ထိုင်စကား

mgyoe.com

mgyoe.com

ပြောနေရာ ဘုရားခန်းဆီသို့ သမီးကြီးနှင့်သားကြီးတို့ လျှောက်လာ၏။ သူတို့နှင့် သက်တူရွယ်တူ မိန်းကလေးနှင့်ယောကျ်ားလေးကို မြင်ရသည်။ "အဖေ… သူက ကျွန်တော့်သူငယ်ချင်း။ ဒေါ်ချစ်ချစ်ရဲ့ သားနဲ့သမီးဟု သားကြီးက မိတ်ဆက်ပေး၏။ သမီးကြီးက အမည်နာမတွေ ပြောပြ၏။ ကျွန်တော်နှင့် ထိုကလေးတွေကို သူငယ်ချင်းကဗျာဆရာကြီးက အံ့သြစွာ ကြည့်နေ၏။ သူတို့ ထွက်သွားကြတော့မှ…

"မောင်နှမနှစ်ယောက်စလုံးက မအေနဲ့ တူတယ်နော် ကိုငြိမ်း"

ကျွန်တော်က နှုတ်ခမ်းစေ့လျက်နှင့် အင်းသံပြု၏။

"ကိုဘဦးဆုံးတာ လေးငါးနှစ်ပဲရှိသေးတယ်နော်။ သတင်းစာထဲသာ တွေ့လိုက်ရတာ။ လိုက်မပို့ဖြစ်ခဲ့ဘူး။ ပန်းနာထနေလို့"

အငြိမ်းစား သတင်းစာဆရာကြီးက ပြောသည်။ ပါမောက္ခချုပ်ဟောင်း မိတ်ဆွေက…

"ဒေါ်ချစ်ချစ်က အသေစောရှာတယ်နော် ဆရာ"

ကျွန်တော်က အနိစ္စဝတ၊ သဗ္ဗေသင်္ခါရာပေကိုးဟု ကဗျာဆရာပြောသည်ကို ခေါင်းညိတ်လိုက်၏။ စိတ်ထဲမှာ ပူနေ၏။ အနှစ်ငါးဆယ်ကျော်တုန်းက ကျွန်တော့်စာနှင့် ဓာတ်ပုံတွေကို သားတွေ၊ သမီးတွေ ဖတ်ရှုကြပြီလား၊ ဖတ်ပြီးရယ်ကြလား၊ ဓာတ်ပုံနောက်ကျောက စာကို ဘာပြောကြမလဲ။ မကြောင့်ကြစဖူး ကြောင့်ကြသည်။ လေအေးစက် ဖွင့်ထားသော အခန်းထဲမှာပင် ချွေးစို့ချင်လာ၏။ မိတ်ဆွေတွေနှင့် စကားပြောဆိုနေရသည်ကို အာရုံလျော့နေ၏။

လွဲမယ်မှန်းသိရင် ဒီစာတွေ၊ ဓာတ်ပုံတွေ မပေးခဲ့ရရင် အကောင်းသားဟု နောင်တကြီးစွာရနေလေ၏။

mgyoe.com

mgyoe.com


## (၁၁)

"ဘာပြောသွားလို့လဲ ဟိုမောင်နှမက"

ခင်၏ မေးသံ။ ကျွန်တော်သည် အိပ်ခန်းအပြင်သို့ထွက်ရန် ခက်သွား၏။ ပဟတတတံခါးထဲသို့ သမီးကြီး၏အသံ ဝင်လာသည်။

"သူတို့သာ ဖေဖေ့စာနဲ့ ဓာတ်ပုံပေး။ သမီးက ဂျော်နီဝေါ့ကား ဝီစကီပုလင်းဒါဇင်ဝက်နဲ့ လဲမလို့။ မရှိတော့ပါဘူးတဲ့၊ သူတို့အဖေ တွေ့သွားလို့ မီးရှို့ပစ်ခဲ့ပြီးပြီတဲ့"

ကျွန်တော်ကတော့ ဟာသပြဇာတ် ကြည့်ရသလို သဘောကျနေတာ။ မြန်မာ့အသံရုပ်မြင်သံကြားဇာတ် ရိုက်ဖို့ကောင်းတယ်ဟု သားငယ်က ပြော၏။ သမီးငယ်က တခစ်ခစ် ရယ်နေသည်။ ရယ်သံတွေကြားထဲမှ သားကြီးက...

"ဒေါ်ချစ်ချစ်သားကြီးက ကျွန်တော့်ကိုမေးတယ် အမေရ။ ဟော့ကောင်... ငါ့အမေ ဘာလို့စောစောသေသွားရလဲ သိလားတဲ့။ ကျွန်တော်က ဟင့်အင်းဆိုတော့ မင့်အဖေကို မရလိုက်လို့ ငါ့အမေ သေသွားတာကွလို့ ပြောပြီးဟားတယ်"

ခင်ကပါ ရယ်ရင်း...

"မင်းတို့ကွာ... အတော်ပေါက်တီးပေါက်ရှာ ပြောတယ်။ မိဘငယ်ငယ်ကကိစ္စလည်း စပ်စုကြ၊ ပြီးတော့ ဟားကြ၊ အရွှတ်အနောက် ပြောကြနဲ့။ အတော်ခက်တဲ့ကလေးတွေ၊ ကြည့်လည်းနောက် မင်းတို့အဖေ ရှုံးတိုးရှုန့်တန့် ဖြစ်နေပါဦးမယ်"

ကျွန်တော်သည် အခန်းအပြင်သို့ မထွက်ဖြစ်သေး။

ထိုကလေးတွေကို နားလည်ရန် ခက်နေလေ၏။

ကလျာမဂ္ဂဇင်း၊ ဩဂုတ်၊ ၁၉၈၈။

□

mgyoe.com

mgyoe.com

# အခုကျတော့မှ

## (၁)

ဗိန်မနဲ့ ကျုပ်နဲ့ကတော့ ကြာလေမလွယ်လေပါပဲ။

စဉ်းစားကြည့်လေ အိမ်ထောင်စုတစ်စု၊ မိသားစုတစ်စုဆိုတာကို ကျုပ်က အင်မတန်ကို လေးလေးနက်နက် တွေးတောခံယူထားတာ။ လောကမှာ မွေးဖွားလာကြ။ လူဖြစ်လာတာနဲ့ ပညာသင်၊ အိမ်ထောင်ကျ၊ သားသမီးမြေးမြစ် ပေါက်ဖွားလာ။ ပြီးတော့ တစပြင် ဆီသွား။ ဒါတော့ ဒါပါပဲ။ ဒါပေတဲ့လို့ ငှက်ရိုးဆိုတဲ့ ကျုပ်ကတော့ သမားစဉ်တွေမတွေးနိုင်ပေါင်ဗျာ။

မိသားစုဆိုတာ နိုင်ငံလို၊ ကမ္ဘာကြီးပါပဲ။

ပေါ့တီးပေါ့ဆလုပ်လို့ ဘယ်ရနိုင်မလဲလေ။

ဒါကြောင့် ဗိန်မနဲ့ ကျုပ်နဲ့ သူ့မိဘအိမ်ရှေ့ ဧရာနန္ဒမန်ကျည်းပင်ရိပ်အောက်မှ ကျင်းပခဲ့တဲ့ မင်္ဂလာဆောင်ရဲ့ နောက်တစ်ညမှာ ကျုပ်ပြောခဲ့တယ်။ ကလေးတွေရလာရင် အကုန်မွေးသာမွေး မိန်းမရေ့။ ဒါပေမဲ့ ကလေးတွေကို ချစ်လည်းချစ်၊ စည်းကမ်းလည်းပေး၊ အရေးကြီးတာက အငယ်ဆုံးကောင် ခါတ်ချုပ်ရင်တောင် ငါ့ကို အသိပေး။ ဟုတ်လား ဆိုတော့ ကျုပ်ရဲ့ပေါင်တွင်းကြောကို ဗိန်မဆွဲလိမ်တယ်။ ရှင့်နှယ်နော်... မနေ့ကမှ ယူကြ။ ဘယ်မှာ ကလေးရမှာလဲ။ ရှေ့နှစ်ခါဒီအချိန်ကျမှ

mgyoe.com

mgyoe.com



အဲဒီစကားပြောတဲ့။

"ဩော်... ဇောနဲ့ပြောမိတာ"

အဲဒီတုန်းက စကားကို ခြောက်ယောက်မြောက် ရေတွက်ရင်တော့ လောလောဆယ် အငယ်ဆုံးလို့ ပြောလို့ရတဲ့ ကလေးမွေးပြီး မီးထွက်တဲ့ နေ့မှာ အကြိမ်တစ်ရာကျော်မြောက် ကျုပ် ထပ်ပြောတယ်။

ဗိန်မက အေးပါတဲ့။

ပြောပုံက တစ်မျိုးမထင်မိသေးတဲ့ အချိန်ပေကိုး။

အဲဒီနောက် ကာလအားဖြင့် တစ်ဆယ့်ငါးနှစ်လည်းရောက်ရော ဗိန်မနဲ့ ကျုပ်နဲ့ ပြောရဆိုရ တယ်ပြီးသဟာဇာတ မဖြစ်ချင်တော့ဘူး။

"ဒေါ်ဗိန်မ... အိမ်က ငါးပေသံတူးရွှင်းကြီး သံချောင်းတို့အိမ်မှာ တွေ့ခဲ့ပါလား။ ငှားထားတာဆိုလည်း ပြန်ယူကြဦး။ ကြာရင် မေ့မယ်။ ငါ့ရွာအကြောင်း ငါအသိဆုံး။ မင်းက ငါနဲ့အကြောင်းပါမှ ဒီရောက်တာ။ ပစ္စည်းငှားမယ်။ အမေ့ခံမယ်။ ကြာရင် သူတို့ပစ္စည်းဖြစ်ရော။ ဘယ်သူ ငှားလိုက်တာလဲ"

အဲဒီတော့ ဗိန်မက မျက်နှာကျို့ကျို့နဲ့...

"ငှားတာမဟုတ်ဘူး။ ရှင့်သား တတိယကောင်ကြောင့် လျော်လိုက်ရတာ"

"ဟေ... ဘာလျော်လိုက်ရတာလဲ"

"လေးခွသားရေ စမ်းတာတဲ့လေ။ သံချောင်းကြက်မတမ်းမ ခါးတည့်တည့်ထိပြီးသေပါရော။ အဲဒါနဲ့ သူတို့ငှားထားတဲ့ သံတူးရွှင်းကို လျော်ကြေးအဖြစ် ပေးရမယ်တဲ့။ ကျွန်မကလည်း စကားနည်း ရန်စဲဆိုပြီး မပြောတော့ပါဘူး"

မပြောတော့ပါဘူးတဲ့။ ပြောပုံများ၊ အဲဒီသံတူးရွှင်းက သုံးဆယ့် တစ်ကျပ်ခွဲကြီးတောင် ပေးဝယ်ခဲ့ရတာ။

mgyoe.com

mgyoe.com


"ငါ ဘာလို့ မပြောခဲ့တာလဲ။ ကြက်မတမ်းဆယ်ကောင်လောက် တန်တာကိုကွာ"

"ရှင်သိရင် စိတ်ရှုပ်မှာစိုးလို့။ ရှင့်မှာက စပါးဝယ်ရ၊ ဆန်ဝယ်ရ၊ စက်ကိုပြေးရ၊ နဝလီ အချိန်မီပြီးအောင် ကြိတ်ရနဲ့ ဆိုတော့"

လေသံချိုချိုနဲ့ ကရုဏာဖျန်းပြီးတော့။ ကျုပ်ဗျာ တောက်ခနဲ တက်ခေါက်မိတယ်။ ကျုပ်ပြောခဲ့တာပဲ။ ဒီအိမ်မှာ အပ်ကျတာကအစ ငါမသိတာ မရှိစေရလို့ အမိန့်ထုတ်ခဲ့တာပဲ။

"မင်းတို့ဘာသာ မင်းတို့ ပြဿနာရှင်းရင် အဲသလိုပဲ ဖြစ်မှာပဲ ဒေါ်ဗိန်မ။ ငါ မသိတာ ဘာမှမရှိစေရဘူးလို့ ငါအခါခါပြောခဲ့တာ။ မင်းနားလည်ဖို့ ကောင်းတယ်ကွာ။ ဘာမှ ဖုံးဟယ်၊ ကွယ်ဟယ် လုပ်စရာ မလိုဘူးလို့"

ဗိန်မက မျက်နှာကို ခပ်ငုံ့ငုံ့ထားတယ်။ ပြီးတော့ ကွန်ပျူတာထိန်း ပန်ကာကို သွားဖွင့်ပြီး ဆိုဖာမှာ ပြန်ထိုင်တယ်။ သူ့ဆီက ရှယ်နယ်အမှတ် ငါး ရေမွှေးရနံ့က ကျုပ်ဆီကို ဆတ်ကော့လတ်ကော့ သင်းပျံ့လာတယ်။

မာယာလေးဆယ်ထဲက နောက်ဆက်တွဲ ဖြည့်စွက်ထားတဲ့ မာယာ နေမှာပေါ့။ ဘာရမှာလဲ ကျုပ်က ပါးစပ်ကသာ ဘာမှပြန်မပြောတော့တာ။ မျက်နှာတော့ တင်းတင်းမာမာပဲ။

(၂)

ဖြစ်စေချင်တာက ကလေးဆယ့်နှစ်ယောက်စလုံး ညကိုးနာရီဆို အိပ်ရမယ်။ စောစောအိပ်ခိုင်းတာ အကြောင်းရှိတယ်လေ။ 'စောစောအိပ်ထ ပြုကျင့်က' လို့ ကျုပ်တို့ သင်ခဲ့ ကျင့်သုံးခဲ့ရတာပဲ။ မနက် လေးနာရီခွဲဆို အိပ်ရာထ၊ စာကြည့်၊ စာကျက်၊ ကျောင်းသွား ကျောင်းပြန်ကို မအေကနှိုးဆော်ရမယ်။ ကျောင်းက ပြန်လာတဲ့ မည်သူရဲ့ လွယ်အိတ်ကိုမဆို

mgyoe.com

mgyoe.com


စစ်ရမယ်။ ကျောင်းသင်ခန်းစာ,စာအုပ်တွေ စစ်ရမယ်။ အချိန်စာရင်းပါ ဘာသာရပ်တွေနဲ့ မှတ်စုထဲ မှတ်တာတွေနဲ့ တိုက်ဆိုင်ကြည့်ရမယ်။ မှတ်စု ဘယ်ဘက်မှာနေ့စွဲ ထိုးထားတာပဲ။ ကျောင်းပြေးမပြေး သိရတာပေါ့။ ကျုပ်ပေးတဲ့စနစ်။

ဖိန်မက လုပ်တယ်ထင်လား။ ဆယ့်ရှစ်နှစ်ရှိပြီ မလုပ်တာ။

ရောက်လာပါရော တိုင်စာ။ လမ်းမှာ ခုနစ်တန်းကျောင်းသား သားရဲ့အတန်းပိုင်ဆရာမနဲ့ဆုံလို့ ကျောင်းအုပ်ရဲ့စာက ကျုပ်လက်ထဲ ရောက်လာတာ။ မောင်ကျောင်းပြေးကိစ္စပေါ့။ ကျုပ်ဗျာ ဒေါသဖြစ် လိုက်တာ။

အိမ်လည်းရောက်ရော ကားကို ကားရုံထဲတောင် မသွင်းတော့ဘူး။ တိုက်တံခါး ဂျိမ်းခနဲ ဖွင့်။ ဖိန်မကို ရှော့လို့ အကြောင်းကြားစာ ပေးရင်း...

"ဘယ်လိုလဲ မင်းသားလုပ်ပုံ"

ဖိန်မက အေးအေးပဲ။

"အဲဒီကိစ္စ ကျွန်မ သွားရှင်းမှာပါ"

"ဒီတိုင်စာ၊ အကြောင်းကြားစာဟာ တတိယမြောက်စာဆို"

"အရင်စာနှစ်စောင်တုန်းက ကျောင်းအုပ်ဆရာကြီးဆီ ကျွန်မ သွားတွေ့ပြီးပါပြီ ကိုငှက်ရိုးရယ်"

"ငါ့ ဘာလို့ မပြောခဲ့တာလဲကွာ"

"ရှင် စိတ်ညစ်မှာစိုးလို့"

"အခုလိုကျတော့ကော ငါက သိပ်ပျော်သွားရောတဲ့လား"

ငေါ့မှန်းတော့ သူ သိပေသားပဲ။ မပြုံးသလို ပြုံးသလိုနဲ့ အပျို တုန်းက ဘူးစင်အောက်မှာ စကားပြောခဲ့တုန်းက အပြုံးမျိုး။

"သိတန်တာ သိစေ၊ မသိတန်တာ မသိစေဆိုတာမျိုး ကျွန်မ စေတနာထားခဲ့တာပဲ။ ရှင့်ကလေးတွေကိုက ချော့ပြော မရ။ ရိုက်မြှော

mgyoe.com

mgyoe.com


မရ။ မြှောက်ပြော မရ။ ချိုစောင်းခေါက်၊ ပေါင်ဆွဲလိမ်၊ ကျွန်မပြောတာလည်း ပါးစပ်ကို လှည်းပဒေါင်း လိုက်နေပါပြီရှင်။ အမယ်လေးနော်။ နင်တို့ကြောင့်လေ..."

အနီးက ဖြတ်သွားတဲ့ နို့ညှာသမီးကို မဆီမဆိုင် ဆူငေါက်၊ လှမ်းငေါက်တယ်။ သမီးက ကျုပ်အသည်းလေ။ သူ့အောက်နို့စို့က အစ်မကို ဆူလို့...

"မေမေကလည်း အစ်ကိုလေး၊ အစ်ကိုလတ်ကျောင်းပြေးတာ သမီးတို့ကို ဘာလို့ဆူရတာလဲ"

မိန်မက သွားကြစမ်း။ လျှာမရှည်နဲ့။ အတူတူပဲ။ ခုနစ်နာရီထိုးရင် ဘုရားရှိခိုးပါလို့ ငါပြောတယ်။ ညည်းတို့က အပျင်းကြီးတယ်။ ဘာသာတရား မလေးစားဘူး။ ဘုရားမသိ၊ တရားမသိ မိမဆုံးမတွေလို့ သိမ်းကျုံးပြောတော့ ငါခံရတယ်ပဲပေါ့။ ညည်းတို့လို့ ရင်ခေါင်းသံနဲ့ အော်တယ်။

ကျုပ်ပြောနေရင် မဆိုင်တဲ့ကလေးတွေ သူ ဖိမယ်။ ဒါနဲ့ ပါးစပ်ပိတ်ထားရပြန်ရော။

## (၃)

အချိန်ဆိုတာဟာ နွားလိုကြိုးချည်ထားလို့ရတဲ့ အရာသာဆိုရင် ချည်တိုင်မှာ တုပ်ထားတာ ကြာလှရောပေါ့ဗျာ။ ခုတော့ တားမရ၊ တန့်မရနဲ့။ အငယ်ဆုံးသမီးပဲ ဆယ်တန်း။ အင်း... ကျုပ်မှာက စားဝတ်နေရေးကို ရာမမင်း သမင်လိုက်သလို လိုက်နေရတာ။ ကမ္ဘာကြီးတစ်ခုလုံးကိုက တယ်ပြီးမဟန်ပါဘူး။ တစ်ကမ္ဘာလုံးက ခါလီပဲ။ ဘိုင်ပဲ။ ဒီတော့ကာ ဘိုးဘိုးအောင်ရဲ့ ဝ,လုံးတွေက ဆန်အိတ်၊ ကြက်သွန်၊ နနွင်း၊ အာဂျီနိုမိုတိုတွေမှာ ကုန်အမှတ်တံဆိပ် ရိုက်ထားတာကိုး။ ကျုပ် ငှက်ရိုးခမျာမှာ စကားပုံအသစ် ထွင်ရပြီလေ။

mgyoe.com

mgyoe.com



ထမင်းစားတာကို လက်တစ်ချောင်းနဲ့စားလို့မရ။ လက်ချောင်းငါးချောင်းနဲ့ စားမှစားလို့ရတယ်။ ဒါကြောင့် အလုပ်ငါးခုရှိမှ ထမင်းစားလို့ရရုံသာရှိမယ်။ ပုံ... ငှက်ရိုး... ဘာညာနဲ့ သင်းတို့ကို ညစာထမင်းစားပွဲမှာ ပြောရတယ်။ တော်တော်လိုက်နာကြပုံပါပဲ။ ကြက်မြစ်၊ ကြက်သည်းလုနေတဲ့အသံကြောင့် ကျုပ်ရဲ့ညွှန်ကြားချက်ကို မကြားကြတာ သေချာတယ်။

စိတ်တိုင်းမကျစရာတွေ ထိုင်စဉ်းစားရရင် ထမင်းမျိုမကျလောက်အောင်ပါပဲ။ အိမ်ထောင်ခွဲဖြစ်သွားတဲ့လူက ရှစ်ယောက်။ အိမ်မှာတင်ကျွေးထားရတဲ့ အိမ်ထောင်ရှင်က နှစ်စုံ။ ကျောင်းသူက နို့စို့နို့ညှာ။ သမီးအကြီးဆုံးနဲ့ သားအလတ်က မွေးတဲ့မြေးအထီး တစ်ကောင်။ မြေးမတစ်ကောင်။ မြေးနှစ်ကောင်က သုံးတန်းနဲ့နှစ်တန်း။

တစ်လောက ညနေအညောင်းပြေလမ်းလျှောက်တော့ မိန်းမရဲ့ အစ်မနဲ့လမ်းမှာဆုံတယ်။ ဟဲ့... ငှက်ရိုး မနက်ဖြန်ညနေ အိမ်ကို လာဦးတဲ့။ ဟုတ်ကဲ့ပေါ့။ မရီးမှာ တိုင်ပင်စရာရှိပြီ ထင်ပါရဲ့။ သမီးနှစ်ယောက်စလုံးတက္ကသိုလ်ဘွဲ့ရတွေ။ သူ့သမီး ကျုပ်တူမတွေကို သဘော်သားနဲ့ ပေးစားရကောင်းမလား။ အင်ဂျင်နီယာ၊ ဆရာဝန် ဘယ်သူနဲ့ သင့်မလဲဆိုတဲ့ ဓာတ်ပြားဟောင်းကိုပဲ ကျုပ်ဖြင့် နားသောတဆင်ရပြန်ပြီလို့ ထင်နေတာ။

ဘယ်ဟုတ်လို့တုံး။

## (၄)

ကျုပ်မိန်းမ ဗိန်မ,ကတဲ့ သမီးအလတ်မင်္ဂလာဆောင်တာ မှန်းတာထက် ပိုကုန်လို့တဲ့။ ရှိတဲ့စိန်တွေထဲက တစ်ဝက်ကိုထုတ်၊ ဓာတုဗေဒစိန်တွေ အစားထိုးထားတယ်တဲ့။ ကျုပ်ဗျာ နားထင်ကို ပူသွားတာပဲ။

"မင်းသမီး နံပါတ်ခြောက်က သူငယ်ချင်းကား စပရင်တာ ယာယီနံပါတ်အသစ်ကျပ်ချွတ်ကြီးကို ယူမောင်းပြီး မြူနီစီပယ်မြောင်းထဲ

mgyoe.com

mgyoe.com



ချော်ကျတာ။ လျော်လိုက်ရတယ်လေ။ သုံးသောင်းကျော်တယ်ဆိုလားပဲ။ အဲဒါ မင်းမသိဘူးလားတဲ့။

ဟာ... မဟာပြဿနာပဲ။ မရီးပြောတော့မှ ကျုပ်အိမ် ဘယ်လို ဖြစ်နေတာ သိရတယ်။ ခေါ်ထားတဲ့ တူတစ်ယောက်က အရက်စွဲနေတယ်တဲ့။ သားတစ်ယောက်က မန်နေဂျာဖြစ်ကာမှ အတိုအလျှိုလုပ်လို့ ရာထူးချပြီး ဌာနဆိုင်ရာစစ်ဆေးမှု ခံနေရတယ်တဲ့။ သမီးတစ်ယောက်က ဘာသာမဲ့ဝါဒီအဖြစ် သူ့ကိုယ်သူ ကြွေးကြော်တယ်တဲ့။

နံပါတ်နှစ်သားကတဲ့။ လူတစ်ယောက်ကို သွားရိုက်တာ တရားတဘောင် ဖြစ်နေတယ်တဲ့။ ကျုပ် ဘုရားတမိရဲ့ဗျာ။

ကြားရသမျှတွေက သံချွန်ဆူးတွေလိုချည်း။ သမလူကြီးဝင် လုပ်တဲ့သမီးက စာရင်းတွေ ဘာဖြစ်လို့ဆိုလား ဆိုင်မီးလောင်မှုကြောင့် ခေါ်စစ်ခံရတယ်တဲ့။ သားတစ်ယောက်ကလည်း ကျောင်းထုတ်ခံရသတဲ့။

ကျုပ်က ဟိုရှေ့မှာ စီးပွားကျုံးရှန်းရှာ။ အမြို့မြို့အနယ်နယ် သွားရ,လာရ။ အိမ်မှာ မရှိတဲ့အခိုက်တွေမှာ ပြဿနာက မျိုးစုံ။

ထားပါတော့။ အသက်တစ်ရာ မနေရ။ အမှုတစ်ရာတဲ့။ တစ်ထောင်ဖြစ်ချင်ဖြစ် ဘာအရေးလဲ။

ခုတော့ ဗိန်မက လေသံတောင် မသလပ်ဘူး။ သိရောပေါ့။

## (၅)

တစ်ရပ်ကွက်တည်းဆိုတော့ သတင်းက ဗိန်မဆီရောက်နိုင်တယ်။ မရီးအိမ်က ကျုပ် ပြန်လာ။ ဖနောင့်ကို ဆောင့်နင်းပြီး ဒေါကန်လာတာ။ ခြံထဲလည်း ဝင်ရော။ နှင်းဆီပွင့်ခူးပြီး ပန်နေတဲ့ဗိန်မက...

"အတော်ပဲ။ ကျွန်မ ထမင်းမစားသေးဘဲ ရှင့်ကို စောင့်နေတာ"

"သွားစမ်းပါ။ ဒီမူရာမာယာတွေနဲ့"

mgyoe.com

mgyoe.com



ကျုပ်က မျက်နှာသုန်သုန်မှုန်မှုန်နဲ့ပေါ့။

"ထမင်းစားရင်း ရှင့်ကို ပြောစရာ၊ တိုင်ပင်စရာတွေ အများကြီးပဲ" ဗုဒ္ဓေါ... ဘုရားရေလို့ ဝမ်းထဲက တ,မိပါရဲ့။

"အမယ်။ ထူးဆန်းပါ့"

"ဟုတ်တယ်။ အစကတော့ အုပ်ထားတာပဲ။ ဦးနှင်းပွဲထောင်၊ ပွဲနှင်း ဦးထောင်။ ကျွန်မတော့ မနိုင်တော့ဘူး ကိုငှက်ရိုးရယ်"

သိတာပေါ့။ သူ ပြောပြီလေ။ ဗိန်မက ပြောပြီလေ။ သူ သုံးနာရီကျော် ပြောမှ သား၊ သမီး၊ သမက်၊ ချွေးမ၊ တူ,တူမ၊ မြေးတွေ အကြောင်း မာတိကာ ပြီးစီးတယ်။ ကျုပ် စဉ်းစားတယ်။ လေးလေးနက်နက် စက္ကန့်လေးဆယ် စဉ်းစားအပြီးမှာ...

"မီးသွေးကို သစ်သားအကောင်းပကတိဖြစ်ဖို့ ငါ ပြန်လုပ်ပေးရအောင် ငါ့မှာ ဘာတန်ခိုးရှိလို့လဲ ဒေါ်ဗိန်မရယ်"

"စိတ်ဆင်းရဲမှာစိုးလို့ ကျွန်မ ဖုံးခဲ့တာပါ"

"ဒါ မင်းဆင်ခြေ၊ အကြောင်းပြချက်၊ စာဒက။ အဲဒါတွေ သွားပြီး ပြုတ်စားပေါ့"

"ဩော်... ရှင့်မှာက မိသားစုတာဝန်ကြီးက နည်းလား။ မသိတန်တာ မသိရအောင် ကျွန်မ စိတ်ကောင်းနဲ့ပါ"

"ဖုံးပေါ့။ ငါ မသိရင် ငါ မပြောဘူး။ မဆူဘူး။ မင်းတို့နားသက်သာ၊ စိတ်သက်သာတာပေါ့။ အဆူခံရ၊ အပြောခံရမှာလေးတွေကြောင့် ဖုံးကြ,ကွယ်ကြ၊ ညာကြ,လိမ်ကြ၊ ကြည့်ကောင်းအောင် ပြောကြ။ ခုကျတော့ ငါမသိချင်ယောင် ဆက်ဆောင်နေမယ် ဒေါ်ဗိန်မ။ ငါ ဘာမှ မတတ်နိုင်တော့ဘူး။ ဆက်ပြီး ဖုံးကွယ်။ သနပ်ခါး ထူထူလူး၊ မျက်နှာဖုံး လှလှတပ်။ ကြားလား ဗိန်မရဲ့"

ကလျာမဂ္ဂဇင်း၊ ဧပြီ၊ ၁၉၈၈။

❐

mgyoe.com